# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၁ ရက်၊ ၂၀၁၁ ခုနှစ်၊ ဇူလိုင် ၂၆ ရက်၊ အင်္ဂါနေ့၊ အတွဲ (၅၀)၊ အမှတ် (၂၆၃)


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မော်လ်ဒိုက်ဗ်နိုင်ငံ သမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၂၆

၂၀၁၁ ခုနှစ် ဇူလိုင် ၂၆ ရက်တွင် ကျရောက်သော မော်လ်ဒိုက်ဗ်သမ္မတနိုင်ငံ၏ (၄၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ မော်လ်ဒိုက်ဗ်သမ္မတနိုင်ငံ သမ္မတ မစ္စတာမိုဟာမက် နာရှစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမူန်

## မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ မဟာအတုလဝေယန်(အတုမရှိ) ကျောင်းတော်ကြီး၌ ကျင်းပသည့် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ တက်ရောက်ကြည်ညို၍ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

နိုင်ငံတော်ဩဝါဒါစရိယ မန္တလေးမြို့ မဟာအောင်မြေမြို့နယ် မဟာဝိသုဒ္ဓါရုံတိုက်သစ် ဝါဆိုကျောင်းဆရာတော် ရွှေကျင်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တအဂ္ဂိယထံ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမူန်တို့ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမူန်တို့သည် ယမန်နေ့မွန်းလွဲ ၂ နာရီတွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ မဟာအတုလဝေယန် (အတုမရှိ) ကျောင်းတော်ကြီး၌ ကျင်းပသည့် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်ကြည်ညို၍ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

**တက်ရောက်ကြည်ညို**

အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများဖြစ်ကြသည့် မန္တလေးမြို့ မဟာအောင်မြေမြို့နယ် မဟာဝိသုဒ္ဓါရုံတိုက်သစ် ဝါဆိုကျောင်းဆရာတော် ရွှေကျင်သာသနာပိုင် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တအဂ္ဂိယ၊ မြတောင်ကျောင်းတိုက် ရွှေဝါဝင်းကျောင်း ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တသာသနာဘိဝံသနှင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မစိုးရိမ်ကျောင်းတိုက် နိကာယနယူပဒေသကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတေဇောသာရာဘိဝံသတို့ အမှူးပြုတော်မူသော ဆရာတော် သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး ပြည်ထောင်စုဝန်ကြီးများ၊

*စာမျက်နှာ ၈ ကော်လံ ၁* ✳

| နိုင်ငံရေး ဦးတည်ချက်(၄)ရပ် | စီးပွားရေး ဦးတည်ချက်(၄)ရပ် | လူမှုရေး ဦးတည်ချက်(၄)ရပ် |
|---|---|---|
| ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး<br>✳ အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး<br>✳ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး<br>✳ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး | ✳ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး<br>✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး<br>✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး<br>✳ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး | ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး<br>✳ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး<br>✳ စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး<br>✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး |

# မိမိတို့တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေး အချင်းချင်းတိုင်ပင်ညှိနှိုင်း၍ ထိရောက်စွာဖော်ဆောင်

## မန္တလေးမြို့ကို နိုင်ငံတကာအဆင့်မီ သာယာလှပသော မြို့တစ်မြို့ဖြစ်ရေး ပြုပြင်ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်၊ သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး၊

*စာမျက်နှာ ၃ ကော်လံ ၁* ●

**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ယုဇနခန်းမ၌ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဇူလိုင် ၂၆ ရက်)

# သမိုင်းအစဉ်အလာရှိသည့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးတာဝန်အဖြစ် ထိန်းသိမ်း

မြန်မာနိုင်ငံရှိ ပုဂံရှေးဟောင်းဒေသသည် ကမ္ဘာသိ ထင်ရှားသည့် ဒေသတစ်ခုဖြစ်သည်။ ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေသည် မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ဖော်ညွှန်းနေသည့် ဒေသဖြစ်သည်။ ယင်းဒေသရှိ ယဉ်ကျေးမှုအနုပညာလက်ရာများသည် တန်ဖိုးမြင့်မားပြီး မြန်မာတို့၏ ယုံကြည်ကိုးကွယ်ရာ ဘာသာတရားဆိုင်ရာ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များဖြစ်သည်။ ထိုသို့ တန်ဖိုးမဖြတ်နိုင်သည့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ စုဝေးတည်ရှိနေသော ထူးခြားသည့် ဂုဏ်ဒြပ်များကြောင့် ပုဂံမြို့သည် ကမ္ဘာတွင် ထင်ရှားသော မြို့တစ်မြို့ဖြစ်လာခဲ့သည်။

ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ အစောဆုံးတွေ့ရှိခဲ့သဖြင့် “ကမ္ဘာ့လူသားအစ မြန်မာက” ဟု ကမ္ဘာက အသိအမှတ်ပြုထားခြင်းဖြစ်သည်။ မြန်မာနိုင်ငံအတွင်းရှိ ပုံတောင်ပုံညာဒေသ မြိုင်မြို့နယ်နှင့် ပုလဲမြို့နယ်များ၌ တွေ့ရှိခဲ့ရသည့် လူတူပရိုင်းမိတ်ရုပ်ကြွင်းများအရ ကမ္ဘာက အသိအမှတ်ပြု လက်ခံခဲ့ကြခြင်းဖြစ်သည်။

မြန်မာလူမျိုးများသည် မိမိတို့နေထိုင်ရာမြန်မာ့မြေတွင် စတင်ဖြစ်တည်ခဲ့ရသဖြင့် မြန်မာတို့၏ ဇာတိဂုဏ် ပိုမိုမြင့်မားခဲ့ရသည်။ မြန်မာ့မြေတွင်ဖြစ်တည်ခဲ့ရသော မြန်မာတို့သည် ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်၊ မြို့ပြခေတ် စသည့် ခေတ်အသီးသီးကို ဖြတ်သန်းခဲ့ပြီးနောက် အေဒီ ၁၀၄၄ တွင် အနော်ရထာမင်းကြီးသည် ပထမမြန်မာနိုင်ငံတော်ကို ပုဂံဒေသ၌ စတင်တည်ထောင်ခဲ့သည်။

ထို့ကြောင့်လည်း ပုဂံဒေသသည် မြန်မာလူမျိုးများအတွက် တန်ဖိုးကြီးမားသည့် အမွေအနှစ်ဖြစ်သကဲ့သို့ မြန်မာလူမျိုးများ ယုံကြည်ကိုးကွယ်သည့် စေတီပုထိုးများ တစုတဝေးတည်း ထုနှင့်ထည်နှင့်တွေ့ရှိနိုင်သည့် ဒေသဖြစ်ခဲ့သည်။ ယင်းဒေသရှိ စေတီ၊ ပုထိုး၊ ဂူဘုရားများတွင် တန်ဆာဆင်ထားသည့် အင်္ဂတေပန်းလက်ရာများ အပါအဝင် ပန်း ၁၀ မျိုး အနုပညာလက်ရာများ၊ စဉ့်ကွင်း၊ စဉ့်ချပ်အနုပညာလက်ရာများ၊ စေတီပုထိုးများအတွင်း ရေးထိုးထားသည့် နံရံပန်းချီ၊ မင်စာ၊ ကျောက်စာ၊ ခေါင်းလောင်းစာစသည့် ရှေးဟောင်းအရေးအသားများကို ကြည့်ခြင်းဖြင့် မြန်မာတို့၏ ဗိသုကာ အတတ်ပညာနှင့် အနုလက်ရာ အဆင့်အတန်းမြင့်မားမှုကို ကမ္ဘာကပင် အသိအမှတ်ပြုခဲ့ကြသည်။ ပထမမြန်မာနိုင်ငံကို ပုဂံဒေသတွင် အနော်ရထာမင်းကြီးတည်ထောင်ခဲ့ရာ ထိုတည်ထောင်ခဲ့ရာမှ ကြွင်းကျန်ရစ်သော ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များကို ယခုအခါ နိုင်ငံတော်က ခေတ်မီနည်းစနစ်များဖြင့် စနစ်တကျ ထိန်းသိမ်းလျက်ရှိသည်။

သို့ဖြစ်ရာ အဆိုပါ သမိုင်းအစဉ်အလာရှိသော တန်ဖိုးမဖြတ်နိုင်သည့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ ရေရှည်တည်တံ့ရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ တိုင်းရင်းသားပြည်သူများကပါ ဝိုင်းဝန်းကူညီ ထိန်းသိမ်းစောင့်ရှောက်ကြရန် ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## အရေးပေါ်သုံး ရှာဖွေကယ်ဆယ်ရေးပစ္စည်းများ
## ဘိုကလေးမြို့နယ်၌ ပေးအပ်လှူဒါန်း

**ဘိုကလေး ဇူလိုင် ၂၅**

ဖျာပုံခရိုင် ဘိုကလေးမြို့နယ် ရှာဖွေကယ်ဆယ်ရေးအဖွဲ့အတွက် World Vision (Myanmar)မှ သဘာဝဘေးအန္တရာယ်အရေးပေါ်သုံး ရှာဖွေကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ဇူလိုင် ၂၂ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ကျင်းပသည်။

**ပေးအပ်လှူဒါန်း**

အဆိုပါအခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထင်ကျော်၊ ခရိုင်မီးသတ်ဦးစီးအရာရှိ ဦးသန်းနိုင်၊ မြို့နယ်မီးသတ်စခန်းတာဝန်ခံ ဦးထွန်းသိန်း၊ World Vision (Myanmar) စီမံချက်မန်နေဂျာ ဒေါ်နော်မော်ရင်းကိုလေးနှင့် လူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး စီမံချက်မန်နေဂျာ ဒေါ်နော်မော်ရင်းကိုလေးက ငွေကျပ် ၈၇၇၀၀၀ တန်ဖိုးရှိ သဘာဝဘေးအန္တရာယ်အရေးပေါ်သုံး ရှာဖွေကယ်ဆယ်ရေးပစ္စည်းများကို မြို့နယ်မီးသတ်စခန်းတာဝန်ခံ ဦးထွန်းသိန်းထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ (ဝဲပုံ) (၀၇၁)

အလုံမြို့နယ် ဌာနာလမ်း အမှတ်(၄၃)နေ ဦးဘကျော်အားရည်စူး၍ ဇနီးဒေါ်ညိုညိုမိသားစုက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန်ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် ၁၁၀၀၀၀ လှူဒါန်းရာ အုပ်ချုပ်ရေးမှူး ဦးပြုံးနှင့်စောင့်ရှောက်ရေးသူနာပြု ဒေါ်မာမာအေးတို့ လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

## စုပေါင်းလှူဒါန်းပွဲ ကျင်းပမည်

*မန္တလေး ဇူလိုင် ၂၅*

*မန္တလေးမြို့ရောက် ကျွန်းလှမြို့နယ်သူ မြို့နယ်သားများ၏ ဒုတိယအကြိမ် စုပေါင်းလှူဒါန်းပွဲကို မြင်းဝန်ကျောင်းတိုက် ပြည်လုံးအုံ့ကျောင်းတွင် ဇူလိုင် ၃၀ ရက် (စနေနေ့)နံနက် ၆ နာရီ မှ ၈ နာရီအထိ ကျင်းပမည်ဖြစ်ရာ ကျွန်းလှမြို့နယ်သူ မြို့နယ်သားများ တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရှိရသည်။* (၀၃၈)

## မြို့သန့်ရှင်းသာယာလှပရေး မိုးနဲမြို့နယ်၌ ဆောင်ရွက်

**မိုးနဲ ဇူလိုင် ၂၅**

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုးနဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းသာယာလှပရေး လုပ်ငန်းများဆောင်ရွက်လျက်ရှိရာ အဖွဲ့ဝန်ထမ်းများ လမ်းလယ်ကျွန်းတွင် ပန်းအလှပင်များ စိုက်ပျိုးနေမှုကို ဇူလိုင် ၂၁ ရက်က အမှုဆောင်အရာရှိ ဦးမောင်မောင်မြင့်ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ (မြို့နယ်စည်ပင်)

## တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များထိန်းသိမ်းရေး
## စဉ့်ကူးမြို့နယ်၌ ပညာပေးဟောပြော

**စဉ့်ကူး ဇူလိုင် ၂၅**

စဉ့်ကူးမြို့နယ် သစ်တောဦးစီးဌာနမှ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေများနှင့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ သိကောင်းစရာများ ပညာပေးဟောပြောပွဲကို ဇွန် ၁၅ ရက် မွန်းလွဲ ၂ နာရီက စဉ့်ကူးမြို့နယ် ခတက်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပရာ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးရွာပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

**ရှင်းလင်းဟောပြော**

အခမ်းအနားတွင် ကျေးရွာအုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး မြို့နယ်သစ်တောဦးစီးဌာန နယ်မြေတာဝန်ခံ တောအုပ်ကြီး ဦးအောင်ကြည်ဝင်း **(အောက်ဝဲပုံ)**က တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာဥပဒေများ၊ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ သိကောင်းစရာများနှင့် တစ်အိမ်ထောင်လျှင် ကျွန်းသုံးပင်၊ ယူကလစ်ပင် ၂၀နှင့် ကျေးရွာတစ်ရွာလျှင် ကျေးရွာပိုင်သစ်တောစိုက်ခင်း တစ်ဧကစီ စိုက်ပျိုးထူထောင်နိုင်ရေးတို့ကို ပညာပေးရှင်းလင်းဟောပြောခဲ့ကြောင်း သိရှိရသည်။ (၄၃၃)

## ကြက်ခြေနီအသင်းဝင် အဆိုပြုလွှာပေးအပ်ပွဲ
## ပခုက္ကူမြို့နယ်၌ကျင်းပ

**ပခုက္ကူ ဇူလိုင် ၂၅**

ပခုက္ကူမြို့နယ် ကြက်ခြေနီရာသက်ပန်အသင်းဝင် အဆိုပြုလွှာပေးအပ်ပွဲနှင့် အလှူငွေပေးအပ်လှူဒါန်းပွဲကို ဇူလိုင် ၂၂ ရက် ညနေ ၄ နာရီက ပခုက္ကူမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရွှေကျော့က ကြက်ခြေနီရာသက်ပန်အသင်းဝင်အဆိုပြုလွှာစောင်ရေ ၁၀၀၀ ကို ပေးအပ်ရာ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဦးစီးမှူး ဦးသိန်းအောင်က လက်ခံယူပြီး ရွှေစည်ကောင်းကုမ္ပဏီကိုယ်စားလှူဒါန်းငွေကျပ် လေးသိန်းကို မြို့နယ်ကြက်ခြေနီတပ်ရင်းမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးဌေးအောင်က ပေးအပ်လှူဒါန်းသဖြင့် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ ဒုတိယတပ်ရင်းမှူး ဦးကျော်သူရက လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (၁၀၂)

## ဥတုရာသီ တောကိုမှီ၏

မြေပုံမြို့ တရုတ်တန်းရပ်ကွက် ဈေးချောင်းတံတားပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဇူလိုင် ၉ ရက်က အမှုဆောင်အရာရှိ ဦးမောင်တင်အောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမင်းမင်းထွန်းတို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

26-7 (02).pmd 1 7/26/2011, 2:25 AM

● ရှေ့ဖုံးမှ

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် ယမန်နေ့နံနက် ၉ နာရီတွင် မြန်မာ့လေကြောင်း လေယာဉ်ဖြင့် နေပြည်တော်မှ မန္တလေးမြို့သို့ရောက်ရှိရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယသမ္မတသည် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ယုဇနခန်းမ၌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်နှင့် တိုင်းဒေသကြီးဝန်ကြီးများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

## ရှင်းလင်းတင်ပြ

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီး၏ ဖွဲ့စည်းမှု၊ စိုက်ပျိုးမြေနှင့် ရေရရှိမှု၊ သီးနှံစိုက်ပျိုးထုတ်လုပ်မှုနှင့် စိုက်ဧရိယာတိုးတက်လာမှု၊ ဒေသဝမ်းစာဖူလုံမှု၊ စက်မှုဇုန်များ၏ ကုန်ထုတ်လုပ်မှု၊ ပညာရေးနှင့်ကျန်းမာရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်း (၈)ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်နေမှုစသည့် နယ်မြေဒေသ အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးပြီး အမှာစကားပြောကြားရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တို့ ပေါ်ပေါက်လာသကဲ့သို့ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်၊ တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်ဟူ၍ အသီးသီးပေါ်ထွက်လာပြီဖြစ်ပြီး ယင်းတိုင်းဒေသကြီး/ပြည်နယ်အဆင့် အာဏာပိုင်အဖွဲ့(၃)ရပ်သည်လည်း တစ်ခုနှင့် တစ်ခု ဟန်ချက်ညီညီ ထိန်းကျောင်းသွားနေကြကာ လုပ်ငန်းတာဝန်များကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ကြပြီဖြစ်ပါကြောင်း။

## တိုင်ပင်ညှိနှိုင်း

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် မိမိတို့ တိုင်းဒေသကြီး၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေး၊ လူမှုရေး၊ ဘဏ္ဍာငွေ ရှာဖွေသုံးစွဲရေး၊ ဝန်ထမ်းရေးရာ စသည့် ကိစ္စအဝဝတို့ကို အကောင်းဆုံးဖြစ်အောင် အချင်းချင်းတိုင်ပင်ညှိနှိုင်း၍ ထိရောက်လျင်မြန်စွာ အနီးကပ် ဆောင်ရွက်နိုင်ကြပြီ ဖြစ်ပါကြောင်း။

ထို့အတူ ဖြစ်ပေါ်လာမည့် အကျိုးဆက်၏ အကောင်းအဆိုးကိုလည်း တာဝန်ယူရဲ တာဝန်ယူရန်ဖြစ်ပြီး ဆောင်ရွက်ချက်တိုင်း ပြည်ထောင်စုအစိုးရသို့ တင်ပြအကြောင်းကြားရန်နှင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနသို့လည်း ပေးပို့အကြောင်းကြားရမှာ ဖြစ်ပါကြောင်း၊ လိုအပ်လျှင် အကူအညီရယူသွားရန်လည်း ဖြစ်ပါကြောင်း။

ထို့အပြင် တိုင်းဒေသကြီးအတွင်း လူနည်းစုဖြစ်သည့် တိုင်းရင်းသားလူမျိုးများ၏ ကိစ္စရပ်များကိုလည်း လျစ်လျူရှုထားခြင်းမျိုး မဖြစ်ရစေရန် ယင်းတို့၏ ပြဿနာကြီး/ငယ်တို့ကို သက်ဆိုင်ရာ တိုင်းရင်းသားရေးရာဝန်ကြီးနှင့် ညှိနှိုင်းတိုင်ပင်၍လည်း ဆောင်ရွက်ပေးသွားရမှာ ဖြစ်ပါကြောင်း။

## ယုံကြည်လေးစား

လိုအပ်ချက်အရ အသစ်ပြန်လည် ဖွဲ့စည်းပေးလိုက်သော ဝန်ကြီးဌာနအလိုက် တာဝန်ယူသွားရမည့် ဝန်ကြီးများအားလုံးအပါအဝင် မန္တလေးတိုင်းဒေသကြီးအစိုးရ၏ ဆောင်ရွက်ချက်များသည် အားလုံးကို ထင်သာမြင်သာရှိအောင် ဆောင်ရွက်နိုင်ရန် သန့်ရှင်းသောအစိုးရအဖြစ် ပြည်သူလူထုတစ်ရပ်လုံး၏ ယုံကြည်လေးစားမှုတို့ကို ရရှိစေရန် လိုအပ်ပါကြောင်း။

အလားတူ မန္တလေးတိုင်းဒေသကြီးလွှတ်တော်သည်လည်း လိုအပ်သော ဥပဒေသစ်များ ပြဋ္ဌာန်းပေးခြင်း၊ ခေတ်နှင့် မကိုက်ညီတော့သည့် ဥပဒေဟောင်းများကို ပြင်ဆင်ခြင်း၊ ဖျက်သိမ်းခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ အရ ဥပဒေပြုစာရင်းတွင် ပါဝင်သော တိုင်းဒေသကြီး၏ လုပ်ငန်းကဏ္ဍအလိုက် သက်ဆိုင်သော ဥပဒေများကို လွှတ်တော်တွင်း ချပြဆွေးနွေးပြဋ္ဌာန်းနိုင်ပြီး မိမိတိုင်းဒေသကြီး၏ တိုးတက်ရာတိုးတက်ကြောင်းကိုလည်း ဆောင်ရွက်ရမှာ ဖြစ်ပါကြောင်း။

တရားရေးကဏ္ဍ၌ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၏ ကွပ်ကဲမှုအောက်တွင် လွတ်လပ်စွာတရားစီရင် ကြီးကြပ်ဆောင်ရွက်နိုင်ပြီဖြစ်ပြီး မိမိတို့ တိုင်းဒေသကြီးအတွင်း ရာဇဝတ်မှုများနှင့် တရားမမှုများ စုပုံကျန်ရစ်မနေစေရေး၊ အလျင်အမြန် ပြီးပြတ်နိုင်စေရေး ဆောင်ရွက်သွားကြရန်နှင့် လိုအပ်သောအကူအညီများကို တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ညှိနှိုင်းရယူသွားရမှာဖြစ်ပါကြောင်း၊ ထိုကဲ့သို့ တရားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူလူထု၏ ချစ်ခင်ယုံကြည် လေးစားမှုကို ရယူနိုင်ရန် ကြိုးစားရမှာဖြစ်ပြီး တရားရေးဌာနအတွင်း အဂတိလိုက်စားမှုများ ရှောင်ရှားနိုင်ရေး လုပ်ဆောင်သွားကြရန်လိုအပ်ပါကြောင်း။

မန္တလေးမြို့တော်ကြီးသည် မြန်မာနိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့တော်ဖြစ်သကဲ့သို့ သမိုင်းဝင် ယဉ်ကျေးမှုမြို့တော်လည်းဖြစ်ပြီး နိုင်ငံခြားခရီးသွားဧည့်သည်များ အမြဲမပြတ် ဝင်/ထွက် သွားလာနေသော မြို့ဖြစ်သည့်အပြင် လယ်ယာထွက်ကုန်ပစ္စည်းများဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်နေသော ဗဟိုမြို့လည်းဖြစ်ပါကြောင်း၊ အိမ်နီးချင်းနိုင်ငံကြီးများ၏ ထုတ်ကုန်များဖြန့်ဖြူးရာ၊ ဖြတ်သန်းရာဖြစ်သည့်အပြင် ပြည်ထောင်စုတိုင်းရင်းသား လူမျိုးပေါင်းစုံ ဝင်ထွက်သွားလာရာ အချက်အချာကျသော ဒေသဖြစ်သည့်အတွက် နိုင်ငံတကာအဆင့်မီသာယာလှပသော မြို့တစ်မြို့ဖြစ်စေရေး ပြုပြင်ဆောင်ရွက်ရန် လိုအပ်နေပြီဖြစ်ပါကြောင်း။

မန္တလေးမြို့တော်ကြီးကို ခေတ်မီမြို့တော်ကြီးတစ်မြို့ အမှန်ဖြစ်လာစေရန် မြို့တော်၏ လမ်းကြီး၊ လမ်းငယ်အပါအဝင် အခြေခံအဆောက်အအုံများကို အမြန်ဆုံးတည်ဆောက်ပေးသွားရန်၊ ရာသီဥတု ပူပြင်းသည့်ဒဏ်ကို ခံနိုင်စေရန်နှင့် မြို့တော်သာယာလှပစေရန် မြို့တွင်းနေရာအနှံ့ သစ်ပင်ပန်းပင်များ၊ အကြီးမြန်သစ်ပင်များ စိုက်ပျိုးပေးခြင်းနှင့် စိုက်ပျိုးစေခြင်း၊ မြို့တော်သန့်ရှင်းသာယာရေးအတွက် အမှိုက်သိမ်းစနစ် စနစ်တကျရှိရေး၊ ကွမ်းတံတွေးများ စည်းကမ်းမဲ့မထွေးစေရန်ဆောင်ရွက်ခြင်း၊ ခေတ်မီရေအိမ်များ အမြောက်အမြား ဆောက်လုပ်ပေးခြင်း၊ အမှိုက်ပုံးများ လမ်းတိုင်းစွေ၊ ထောင့်စွေချထားပေးပြီး နေ့စဉ်သိမ်းဆည်းပေးခြင်း၊ တိုင်းဒေသကြီးအစိုးရက လုပ်ဆောင်ရန် အခက်အခဲရှိပါက ပုဂ္ဂလိကအဖွဲ့အစည်းများအား လုပ်ကိုင်စေခြင်း စသည်တို့ဖြင့် ဆောင်ရွက်သွားရန်ဖြစ်ပါကြောင်း။

## သိရှိနားလည်

ပြည်တွင်းပြည်ပရှိ နိုင်ငံခြားသံတမန် အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းအမြောက်အမြားနှင့် တိုင်းဒေသကြီးအဆင့်ရှိ တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးရာတွင် မိမိ၏ နိုင်ငံတော်ဘက်မှ မှန်ကန်စွာ ဆွေးနွေးနိုင်ရန်အတွက် နိုင်ငံတော်၏ရပ်တည်ချက်များကို အကျွမ်းတဝင် သိရှိနားလည် သဘောပေါက်အောင် ကျေညက်စွာ လေ့လာထားရန်လည်း လိုအပ်ပါကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံ ဖြစ်သည့်အားလျော်စွာ ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝများ မြှင့်တင်နိုင်ရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အစီအစဉ်ကို ယခုနှစ် ဇူလိုင် ၁ ရက်မှစ၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

အဆိုပါ အစီအစဉ်မှ ချမှတ်ထားသော အချက်ကြီး (၈)ချက်ထဲမှ စိုက်ပျိုးမွေးမြူရေး၊ တစ်နိုင်တစ်ပိုင် အိမ်တွင်းထုတ်လုပ်မှု၊ ငွေကြေးဝန်ဆောင်မှု၊ သမဝါယမလုပ်ငန်း၊ ပညာရေး၊ ကျန်းမာရေး၊ ရပ်ရွာမီးလင်းရေးနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့ကို အကောင်အထည်ဖော်ရာတွင် အရေးကြီးဆုံးအချက်သည် လုံလောက်သော ပုဂ္ဂလိက အသေးစားငွေစုငွေချေးကဏ္ဍ ဖြစ်ပါကြောင်း၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ယင်းအချက်ကို ဦးစားပေးအကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

## လက်တွေ့အကောင်အထည်ဖော်

တောင်သူလယ်သမား၊ ကျေးလက်နေပြည်သူများအပေါ် စေတနာထားရှိသော စီးပွားရေးလုပ်ငန်းရှင်ကြီးများ၏ ပုဂ္ဂလိကငွေကြေးဝန်ဆောင်မှုဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိသော ကျေးရွာစုစုပေါင်း ၄၇၈၀ အတွက် လုပ်ငန်းစဉ်များထဲမှ မိမိ၏ တိုင်းဒေသကြီးနှင့်ကိုက်ညီသည့် လုပ်ငန်းများကို ဦးစွာအကောင်အထည်ဖော်ဆောင်ရွက်သွားရမှာ ဖြစ်ပါကြောင်း၊ လက်တွေ့အကောင်အထည်ဖော်ဆောင်မှုများကိုလည်း ဝင်ရောက်ကြည့်ရှုလေ့လာ စစ်ဆေးသွားမှာဖြစ်ပါကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အနေဖြင့် လာမည့် ၂၀၁၃ ခုနှစ်တွင် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို နေပြည်တော်၌ တာဝန်ယူကျင်းပသွားရမှာဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ဒုတိယအကြီးဆုံးမြို့တော်ဖြစ်သော မန္တလေးတိုင်းဒေသကြီးမှ ထူးချွန်ရန်အလားအလာရှိသော အားကစားသမားများကို ရှာဖွေစုဆောင်းပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင်မည့် အားကစားပြိုင်ပွဲများ ပါဝင်ဆင်နွှဲနိုင်ရေးအတွက် အားကစားဝန်ကြီးဌာနနှင့် ဆက်သွယ်ညှိနှိုင်း ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း။

နိုင်ငံတော်သမ္မတ မိန့်ကြားခဲ့သည့်အတိုင်း သန့်ရှင်းသောအစိုးရဖြစ်အောင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်း တာဝန်ထမ်းဆောင်နေကြသော ဌာနပေါင်းစုံနိုင်ငံ့ဝန်ထမ်းများအား လာဘ်ပေးလာဘ်ယူမှု ကင်းရှင်းစေရန် ကြီးကြပ်စီမံပြီး ဒေသခံပြည်သူလူထု၏ လိုအပ်ချက်များကို တတ်စွမ်းသရွေ့ ကူညီဆောင်ရွက်ပေးခြင်းအားဖြင့် ပြည်သူလူထုနှင့်အတူ လက်တွဲဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အင်ဒိုနီးရှားနိုင်ငံ၌ အာဆီယံအစည်းအဝေးများတက်ရောက်ခဲ့

**နေပြည်တော် ဇူလိုင် ၂၅**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အာဆီယံအလှည့်ကျဥက္ကဋ္ဌ အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ အာရ်၊ အမ်၊ မာတီ အမ်၊ နာတာလီဂါဝါ၏ ဖိတ်ကြားချက်အရ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဘာလီမြို့တွင် ဇူလိုင် ၁၈ ရက်မှ ၂၃ ရက်အထိ ကျင်းပခဲ့သည့် (၄၄)ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၊ အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများ အစည်းအဝေးများနှင့် (၁၈)ကြိမ်မြောက် အာဆီယံဒေသတွင်းဖိုရမ်တို့သို့ တက်ရောက်ခဲ့ပြီးယမန်နေ့ ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိသည်။

## တက်ရောက်

ပြည်ထောင်စုဝန်ကြီးဦးဝဏ္ဏမောင်လွင်သည် (၄၄)ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ သီးသန့်နှင့်မျက်နှာစုံညီအစည်းအဝေး၊ အရှေ့တောင်အာရှ နျူကလီးယားလက်နက်ကင်းမဲ့ဇုန်စာချုပ်ဆိုင်ရာ ကော်မရှင်အစည်းအဝေး၊ အာဆီယံ + ၃ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၊ အာဆီယံနှင့်ဆွေးနွေးဖက်နိုင်ငံများ အစည်းအဝေးများ၊ အရှေ့အာရှထိပ်သီး အစည်းအဝေးဆိုင်ရာ နိုင်ငံခြားရေးဝန်ကြီးများ သီးသန့်နှင့်မျက်နှာစုံညီဆွေးနွေးပွဲ၊ မဲခေါင်-ဂျပန် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် (၁၈)ကြိမ်မြောက် အာဆီယံဒေသတွင်း ဖိုရမ်သီးသန့်နှင့် မျက်နှာစုံညီ အစည်းအဝေးတို့သို့ တက်ရောက်ခဲ့သည်။

အစည်းအဝေးများတွင် ဒေသတွင်းနှင့် နိုင်ငံတကာကိစ္စရပ်များ၊ အာဆီယံအသိုက်အဝန်းထူထောင်ရေးနှင့် အာဆီယံပဋိညာဉ်စာတမ်း အကောင်အထည်ဖော်မှုများ၊ အာဆီယံနှင့်မိတ်ဖက်နိုင်ငံများ ဆက်ဆံရေးအပေါ် သုံးသပ်မှုနှင့် အနာဂတ်ဦးတည်ချက်များ၊ (၁၉)ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးကျင်းပရေးကိစ္စရပ်များအပေါ် ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြသည်။ အာဆီယံ၏ မူဝါဒများအပေါ် မြန်မာနိုင်ငံ၏ ခိုင်မာသည့် သန္နိဋ္ဌာန်ကို အခြေခံလျက် ၂၀၁၄ ခုနှစ်တွင် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌတာဝန်ထမ်းဆောင်ရန် မြန်မာနိုင်ငံ၏ ဆန္ဒရှိမှုနှင့်အသင့်ဖြစ်မှုကို အာဆီယံ ခေါင်းဆောင်များထံ ထောက်ခံတင်ပြရန် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများက အပြုသဘောစဉ်းစားခဲ့ကြသည်။

## ပူးတွဲထုတ်ပြန်

တောင်တရုတ်ပင်လယ် ကိစ္စနှင့်ပတ်သက်၍ အာဆီယံ-တရုတ်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၌ တောင်တရုတ်ပင်လယ်တွင်း နိုင်ငံများ၏ လုပ်ထုံးလုပ်နည်းဆိုင်ရာကြေညာချက် အကောင်အထည်ဖော်ရေး လမ်းညွှန်ချက်များကို အတည်ပြုချမှတ်နိုင်ခဲ့သည်။ အရှေ့တောင်အာရှ နျူကလီးယားလက်နက် ကင်းမဲ့ဇုန်စာချုပ်နှင့်စပ်လျဉ်း၍ အာဆီယံဘက်မှ နျူကလီးယား လက်နက်နိုင်ငံများနှင့် တိုက်ရိုက် ဆက်သွယ်ဆွေးနွေးရာတွင် ထားရှိရမည့် ရပ်တည်ချက်ကိုလည်း သဘောတူညီခဲ့သည်။ ပြည်ထောင်စုဝန်ကြီးသည် အာဆီယံ-ရုရှားဝန်ကြီးအဆင့် အစည်းအဝေးတွင် ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး ယင်းအစည်းအဝေးမှ အာဆီယံ-ရုရှားဆွေးနွေးဖက်ဆက်ဆံရေး (၁၅)နှစ်မြောက် အထိမ်းအမှတ် အရှေ့တောင်အာရှနိုင်ငံခြားရေးဝန်ကြီးများနှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီးတို့၏ ပူးတွဲထုတ်ပြန်ချက်ကိုလည်း သဘောတူခဲ့ကြသည်။

## ဆွေးနွေး

ထို့အပြင် ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင် ၂၀ ရက်တွင် စင်ကာပူနိုင်ငံခြားရေးဝန်ကြီး မစ္စတာကေ၊ ရှန်မူဂမ်နှင့် အမေရိကန် လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မစ္စတာကာ့ဒ်ကင်းဘဲလ်တို့နှင့်လည်းကောင်း၊ ဇူလိုင် ၂၁ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ရန်ကျဲချီနှင့် ဇူလိုင် ၂၂ ရက်တွင် ကနေဒါနိုင်ငံခြားရေးနှင့်နိုင်ငံတကာကုန်သွယ်ရေးဝန်ကြီး မစ္စတာ ဂျွန်ဘယ့်ဒ်နှင့်လည်းကောင်း တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ရန်နှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

**(သတင်းစဉ်)**

**နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် မဲခေါင်-ဂျပန် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၌ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။** (သတင်းစဉ်)

# တာချီလိတ်မြို့နယ် စည်ပင်သာယာရုံးအဆောက်အအုံသစ်ဖွင့်

**တာချီလိတ် ဇူလိုင် ၂၅**

တာချီလိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးသစ်အဆောက်အအုံ ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၀ ရက် နံနက် ၉ နာရီခွဲက တာချီလိတ်မြို့ ဟောင်လိတ်ကျေးရွာအုပ်စုရှိ အဆိုပါရုံးအဆောက်အအုံတွင်ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးဦးတူးမောင်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး အခမ်းအနားတွင် ရှေးဦးစွာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကိုကိုက ရုံးသစ်နှင့်ပတ်သက်သော အချက်အလက်များကို ရှင်းလင်းတင်ပြကာ ဖွင့်ပွဲအထိမ်းအမှတ်အလံငယ်များအား တာဝန်ရှိသူများထံ ပေးအပ်သည်။

## ဖဲကြိုးဖြတ်ဖွင့်

ထို့နောက် ရှမ်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့(ကျိုင်းတုံ) ညွှန်ကြားရေးမှူး ဦးစိုင်းထွန်းထွန်း၊ တာချီလိတ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးသက်လွင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးကိုကိုတို့က ရုံးသစ်အဆောက်အအုံကို ဖဲကြိုးဖြတ် ဖွင့်လှစ်ခဲ့ကြကြောင်း သိရှိရသည်။ (ဝဲပုံ) (ဝဇဝ)

**ဥနဲ့ငါးကို**
**ပွားစေလို**
**ငါးရစ်ဆို မဖမ်းနဲ့**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် မော်လ်ဒိုက်ဗ်နိုင်ငံ လွတ်လပ်ရေးနေ့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၂၆

၂၀၁၁ခုနှစ် ဇူလိုင် ၂၆ ရက်တွင် ကျရောက်သော မော်လ်ဒိုက်ဗ်သမ္မတနိုင်ငံ၏ (၄၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ထံမှ မော်လ်ဒိုက်ဗ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာ အာမက် နာဆင်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား အိန္ဒိယသမ္မတနိုင်ငံမှ စိုက်ပျိုးရေးဆိုင်ရာ အထူးကျွမ်းကျင်ပညာရှင် ပါမောက္ခ Dr. M.S. Swaminathan ဦးဆောင်သော စိုက်ပျိုးရေးပညာရှင်များအဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား အိန္ဒိယနိုင်ငံမှ ဧည့်သည်အဖွဲ့ တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၅

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား အိန္ဒိယသမ္မတနိုင်ငံမှ စိုက်ပျိုးရေးဆိုင်ရာ အထူးကျွမ်းကျင်ပညာရှင်ပါမောက္ခ Dr. M.S. Swaminathan ဦးဆောင်သော စိုက်ပျိုးရေးပညာရှင်များအဖွဲ့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Dr. Villur Sundararajan Seshadri နှင့်အတူ ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးရေးသုတေသန လုပ်ငန်းများအတွက် ခေတ်မီစိုက်ပျိုးရေး နည်းပညာပံ့ပိုးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များ ဆွေးနွေးခဲ့ကြသည်။

**အပြန်အလှန်ဆွေးနွေး**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်း ခေါင်းဆောင်သည့် ဝန်ကြီးဌာနရှိ ဌာနဆိုင်ရာအကြီးအကဲများ၊ စိုက်ပျိုးရေးသုတေသနပညာရှင်များနှင့် ပါမောက္ခချုပ်တို့ပါဝင်သော အဖွဲ့သည် မွန်းလွဲပိုင်းတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ အိန္ဒိယသမ္မတနိုင်ငံမှ စိုက်ပျိုးရေးဆိုင်ရာ အထူးကျွမ်းကျင်ပညာရှင် ပါမောက္ခ Dr.M.S. Swaminathan ဦးဆောင်သော စိုက်ပျိုးရေးပညာရှင်များအဖွဲ့နှင့် နိုင်ငံတော် စိုက်ပျိုးရေးနည်းပညာဖွံ့ဖြိုးတိုးတက်ရေးနှင့် စိုက်ပျိုးရေးထုတ်ကုန်များ ပူးပေါင်းမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် အပြန်အလှန် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြဝတီရုပ်မြင်သံကြား

၂၆-၇-၂၀၁၁ (အင်္ဂါနေ့)

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၇:၀၄ ၃။ နိုင်ငံတော်သီချင်း
- ၇:၀၅ ၄။ တရားတော်
- ၇:၁၅ ၅။ ဓမ္မပူဇာတေး
- ၇:၂၀ ၆။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၇။ မြန်မာ့ရှုခင်း
- ၇:၃၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၈:၁၅ ၁၃။ အပိတ်နှုတ်ခွန်းဆက်စကား
- ၈:၁၆ ၁၄။ ပြီးပါပြီ။

**ညပိုင်း**

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၄:၀၄ ၃။ နိုင်ငံတော်သီချင်း
- ၄:၀၅ ၄။ အဖွင့်သီချင်း
- ၄:၁၀ ၅။ အမျိုးသားရေးတေးကဗျာ
- ၄:၁၅ ၆။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၇။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၄:၂၅ ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄:၃၅ ၉။ လျှပ်တစ်ပြက်
- ၄:၅၀ ၁၀။ မြန်မာသံစဉ်ချိုနားဝင်
- ၅:၀၀ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၃၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဟာသလွှင်ပြင်** (အပိုင်း-၂၂)
- ၆:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၄။ အမျိုးသားရေးတေးကဗျာ
- ၆:၂၅ ၁၅။ အောင်မြင်ခြင်းလမ်းမ
- ၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရတနာ့စံအိမ်** (အပိုင်း -၄၅)
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ ဒို့တာဝန်အရေးသုံးပါး
- ၂၀။ နိုင်ငံတကာသတင်း
- ၂၁။ မိုးလေဝသသတင်း
- ၂၂။ မွေးမြူသုတ
- ၂၃။ ဟာသရုပ်စုံ
- ၂၄။ သီချင်းလက်ဆောင်
- ၂၅။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပေါင်မုန့် အချစ်အိပ်မက်လေးရယ်** (အပိုင်း -၂၄)
- ၂၇။ **Mini Series**
- ၂၈။ သင့်အတွက်မနက်ဖြန်

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် ဧရာဝတီတံတား(ညောင်တုန်း)၌ တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# ဧရာဝတီတံတား(ညောင်တုန်း) တည်ဆောက်ရေးလုပ်ငန်းများ တံတားတစ်စင်းလုံးအတွက် (၇၉) ရာခိုင်နှုန်းပြီးစီးပြီ

နေပြည်တော် ဇူလိုင် ၂၅

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၂၄ ရက် နံနက် ၈ နာရီတွင် ရန်ကုန်-ပုသိမ်ကားလမ်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး၍ ဗိုလ်မြတ်ထွန်းတံတား၌ တံတားကြံ့ခိုင်မှု အခြေအနေကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီး နှင့်အဖွဲ့သည် အသစ်တည်ဆောက်နေသည့် ရထားလမ်းနှင့် ကားလမ်းနှစ်လမ်း ပါ ဧရာဝတီတံတား(ညောင်တုန်း)ရေလယ်တိုင် RP-14 နှင့် RP- 15 တို့တွင် သံပေါင်တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ရှင်းလင်းဆောင်(ပုသိမ်ဘက်ကမ်း)၌ တာဝန်ရှိသူများက လိုအပ်သည်များကို မှာကြားခဲ့သည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဧရာဝတီတံတား (ညောင်တုန်း)ရှိ ဝန်ထမ်းများနှင့် တွေ့ဆုံပြီးနောက် ပုသိမ်ဘက်ကမ်းတွင် သံပေါင်တပ်ဆင်ပြီးသည့် (၅)ခန်းပေါ်သို့ တက်ရောက်၍ တံတားပေါ်ရှိ ယာယီသံလမ်းမှ ရထားစက်ခေါင်းတွဲဖြင့် တံတားကြမ်းခင်းပြားများ၊ လက်ရန်းများ သံဂဟေဆက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ကြမ်းခင်းပြားများ ဆက်လက် သွန်းလောင်းရန်နှင့် သံပေါင်တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ရေလယ်တိုင် RP- 14 နှင့် RP -15 တို့တွင် သံပေါင်တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပုသိမ်ဘက်ကမ်း ချဉ်းကပ်(ကား) တံတား Overlay ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ တံတားလက်ရန်း သံဂဟေဆက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပုသိမ်ဘက်ကမ်း ချဉ်းကပ်(ရထား)တံတား ကွန်ကရစ်ရက်မ တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ဧရာဝတီတံတား(ညောင်တုန်း)၏ ခန်းဖွင့်ဖွဲ့စည်းပုံမှာ မီတာ ၁၂၀ အရှည်(၁၆)ခန်း၊ မီတာ ၁၀၀ အရှည်(၂)ခန်း၊ မီတာ ၆၀ အရှည်(၂)ခန်း စုစုပေါင်း သံပေါင်အခန်း(၂၀)ပါရှိပြီး သံပေါင်တပ်ဆင်ပြီးစီးမှုမှာ (၁၇ ဒသမ ၂)ခန်း ဆောင်ရွက်ပြီးစီး၍ (၂ ဒသမ ၈)ခန်းသာကျန်ရှိကာ တံတားတစ်စင်းလုံးအတွက် ပြီးစီးမှုရာခိုင်နှုန်းမှာ (၇၉) ရာခိုင်နှုန်းဖြစ်သည်။

ဧရာဝတီတံတား(ညောင်တုန်း)သည် ဧရာဝတီတိုင်းဒေသကြီး မအူပင် ခရိုင် ညောင်တုန်းမြို့နယ်တွင် တည်ရှိပြီး တံတားအမျိုးအစားမှာ ရထားလမ်းနှင့် ကားလမ်း နှစ်လမ်းပါရှိသည့် သံမဏိသံပေါင်တံတား အမျိုးအစားဖြစ်ပြီး ပင်မတံတား အရှည် ၇၄၀၂ ပေ၊ ချဉ်းကပ်ကားလမ်းနှစ်ဖက် အရှည် ၃၄၁၂ ပေ၊ ချဉ်းကပ် ရထားလမ်းနှစ်ဖက် အရှည် ၁၃၁၄၃ ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၈ ပေ၊ ရထား လမ်းအကျယ် ၁၄ ပေ၊ လူသွားလမ်း တစ်ဖက်လျှင်၃ ပေ ၃ လက်မစီပါရှိပြီး ရေလမ်းကင်းလွတ် အကျယ် ၂၆၂ ပေနှင့် အမြင့် ၅၇ ပေ ရှိကာ ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ ၇၅ တန်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၅-၇-၂၀၁၁

မချမ်းဘောမြို့
၆ ဒသမ ၃၀ လက်မ
ကော့သောင်းမြို့
၁ ဒသမ ၉၇ လက်မ
တောင်ကုတ်မြို့
၁ ဒသမ ၈၁ လက်မ
မိုးကုတ်မြို့
၁ ဒသမ ၆၉ လက်မ
ထီးလင်းမြို့
၁ ဒသမ ၄၅ လက်မ
ပူတာအိုမြို့
၁ ဒသမ ၃၈ လက်မ

# အိန္ဒိယ အကပညာရှင်အဖွဲ့ ယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေတင်ဆက်

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) သရဖီဆောင် အနုပညာခန်းမ၌ အိန္ဒိယသမ္မတနိုင်ငံ Odissi အကပညာရှင်အဖွဲ့က ယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေတင်ဆက်ကြစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇူလိုင် ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် အိန္ဒိယသမ္မတနိုင်ငံတို့၏ နှစ်နိုင်ငံ ယဉ်ကျေးမှု ပူးပေါင်းဖလှယ်ရေး အစီအစဉ်အရ အိန္ဒိယသမ္မတနိုင်ငံမှ စာပေပညာရှင် Rabindranath Tagore ၏ နှစ်(၁၅၀)ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် အိန္ဒိယသမ္မတနိုင်ငံမှ Odissi အကပညာရှင် အဖွဲ့သည် ယနေ့ နံနက် ၁၀ နာရီတွင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)ရှိ သရဖီဆောင် အနုပညာခန်းမ(၂)၌ ဖျော်ဖြေတင်ဆက်ခဲ့ရာ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) တာဝန်ခံပါမောက္ခချုပ် ဦးကျော်ဦးနှင့် ပါမောက္ခ၊ ဌာနမှူးများ၊ ကထိက၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

**ပြန်လည်တင်ဆက်**

ရှေးဦးစွာ အိန္ဒိယသမ္မတနိုင်ငံ Odissi အကပညာရှင်အဖွဲ့က ယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)မှ ကျောင်းသားကျောင်းသူများကလည်း ယဉ်ကျေးမှုအဆို၊ အကများဖြင့် ပြန်လည်တင်ဆက်ဖျော်ဖြေကြသည်။

ထို့နောက် တာဝန်ခံပါမောက္ခချုပ်က ကျေးဇူးတင်စကား ပြောကြားပြီး Odissi အကပညာရှင်အဖွဲ့အား ဂုဏ်ပြုလက်ဆောင်ပစ္စည်းများ ပေးအပ်ကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

# ရွာသွန်းပါလေ မှတ်သုံးဆွေ

❒ မှတ်သုံးမိုးစွေ၊ လယ်ယာမြေဝယ်
ဆည်ရေပြည့်လျှံ၊ ရေလှောင်ကန်နှင့်
တမံရေထိန်း၊ အောင်ရေကိန်းသော်
စိမ်းလန်းမြရောင်၊ စပါးအောင်လိမ့်
ပေါင်စနစ်သုံး၊ မျိုးသန့်သုံးသော်
ထွက်နှုန်းဆပွား၊ ကောက်ပင်ထွားလိမ့်
ကြီးပွားချမ်းသာ၊ မြှင့်တင်ရာသည့်
"ပြည်ရွာတိုးတက်၊ ရွှေမိုးစက်"ဟု
စာထက်မော်ကွန်း၊ ဖွဲ့ရည်ညွှန်းသည်
ရွာသွန်းပါလေ၊ မှတ်သုံးဆွေ။

❒ ထုတ်ကုန်တိုးစေ၊ ငါတို့မြေဝယ်
ရွှေရောင်မှည့်ဝင်း၊ စပါးခင်းတို့
ဖြန့်ကျင်းထည်ဝါ၊ ပြည့်ဘဏ္ဍာတည့်
ကမ္ဘာအနှံ့၊ ဈေးကွက်ပျံ့အောင်
ခံ့ညားပေါ်လွင်၊ ရောင်းတန်းဝင်သော်
လန်းရွှင်ပြည့်ဖြိုး၊ ဝင်ငွေတိုးလိမ့်
မိုးနှင့်အတူ၊ မြေချစ်သူတို့
စိုက်ထူအောင်လံ၊ လှံ့လသန်သော်
ဆန်စပါးခေတ်၊ မှတ်တိုင်သစ်ကို
ဖွင့်လှစ်ဖော်ညွှန်း၊ တည်စေထွန်းအောင်
ရွာသွန်းပါလေ မှတ်သုံးဆွေ။ ။

**စလင်းဘုန်းကျော်**

# ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဧည့်သည်အဖွဲ့တွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၂၅**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းအား China Development Bank Corporation , Myanmar Working Team မှ ဥက္ကဋ္ဌ Mr. Zhong Shujun နှင့် China Citic Bank မှ အထွေထွေ မန်နေဂျာ Mr. Lu Jingen တို့ ဦးဆောင်သောအဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ **(အပေါ်ပုံ)** ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ယင်းသို့ တွေ့ဆုံရာတွင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်းနှင့် သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရွေးကောက်ပွဲကန့်ကွက်လွှာပြင်ဆင်မှု အမှတ် (၁/၂၀၁၁) ရုံးထိုင်ကြားနာ

**နေပြည်တော် ဇူလိုင် ၂၅**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးနှင့်ကော်မရှင်အဖွဲ့ဝင်အားလုံးသည် ရွေးကောက်ပွဲကန့်ကွက်လွှာပြင်ဆင်မှုအမှတ် (၁/၂၀၁၁)ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၌ ရုံးထိုင်ကြားနာစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

◆ *ကျော့ဖုံးမှ*

ဤတွေ့ဆုံမှုအတွက် နှစ်ဖက်စလုံးက အပြုသဘောရှုမြင်ပြီး ကျေနပ်အားရမှု ရှိကြပါသည်။ ပြည်သူလူထု ကိုယ်စိတ်နှစ်ပါးချမ်းသာစေရေးအတွက် နှစ်ဘက် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို ဆွေးနွေးခဲ့ကြသည်။ ထိုသို့ ဆွေးနွေးရာတွင် တရားဥပဒေစိုးမိုးရေးကိစ္စ၊ စိတ်ဝမ်းကွဲပြားမှု ပပျောက်ရေးကိစ္စနှင့် အများပြည်သူအကျိုးဖြစ်ထွန်းစေမှု ကိစ္စတို့လည်း အပါအဝင်ဖြစ်သည်။

**သဘောတူညီ**

သင့်လျော်သောရက်တွင် ထပ်မံတွေ့ဆုံဆွေးနွေးရန်ကိုလည်း သဘောတူညီခဲ့ကြပါသည်။ (သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်နှင့် ဒေါ်အောင်ဆန်းစုကြည် တွေ့ဆုံပွဲအပြီး သတင်းထောက်များ၏ မေးမြန်းချက်များအား ဖြေကြား

**နေပြည်တော် ဇူလိုင် ၂၅**

အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးအောင်ကြည်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့သည် ယနေ့မွန်းလွဲ ၁ နာရီမှ ၂ နာရီ ၁၀ မိနစ်အထိ ရန်ကုန်မြို့ စိမ်းလဲ့ကန်သာ အစိုးရဧည့်ဂေဟာ၌ တွေ့ဆုံဆွေးနွေးခဲ့ကြရာ တွေ့ဆုံပွဲအပြီးတွင် သတင်းထောက်များ၏ မေးမြန်းချက်များအား ပြန်လည်ဖြေကြားခဲ့သည်။

အဆိုပါ အမေးအဖြေများမှာ အောက်ပါအတိုင်း ဖြစ်သည်-

**မေး-ဦးအောင်လှထွန်း (ရိုက်တာသတင်းဌာန)**

ဝန်ကြီးနဲ့ ဒေါ်စုနဲ့ အရင်အစိုးရလက်ထက်က (၁၀)ကြိမ်လောက် တွေ့ခဲ့ပြီးဖြစ်ပါတယ်။ ဘာမှ Tangible Result ထွက်မလာခဲ့ပါဘူး၊ ဒီတစ်ခါ ဝန်ကြီး ကိုယ်စားပြုတာက အစိုးရအဖွဲ့အသစ်လို့ ကျွန်တော်နားလည်ထားပါတယ်။ အဲဒီတော့ ဆွေးနွေးတဲ့အကြောင်းအရာကလည်းပဲ ဟိုဘက်ကယူလာတဲ့ message နဲ့ ကွာဟမှု၊ ပြောင်းလဲမှုများ ရှိပါသလား။ ကိုယ်စားပြုတဲ့ အဖွဲ့အစည်းကတော့ ပြောင်းလဲသွားခဲ့ပါပြီ။

**ဖြေ-ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်**

Tangible Result မထွက်ဘူးလို့ ကျွန်တော်တို့မပြောနိုင်ပါဘူး။ ယခင်ကျွန်တော်တို့ (၉)ကြိမ် တွေ့ဆုံခဲ့တာရှိပါတယ်။ အဲဒီမှာ အထိုက်အလျောက် အကျိုးကျေးဇူးဖြစ်ထွန်းမှုရှိပါတယ်။ အခုတွေ့ဆုံမှုကတော့ အဲဒီရလဒ်များထက် ပိုမိုကောင်းမွန်တဲ့ ရလဒ်ဖြစ်လိမ့်မယ်လို့ ကျွန်တော့်အနေနဲ့ မျှော်လင့်ပါတယ်။

**မေး- ဒေါ်အေးအေးဝင်း(အေပီသတင်းဌာန)**

ဝန်ကြီးရှင့်၊ ဒီနေ့တွေ့ဆုံပွဲဟာ အစိုးရနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့အတွက် နောင်ဆက်လက်ပြီးတော့ Series Meeting ဆက်လာမယ်လို့ ပြောလို့ရတယ်ပေါ့နော်။ အဲဒီတော့ ဒီတွေ့ဆုံပွဲဟာ National Reconciliation အတွက် ခြေလှမ်းသစ်တစ်ရပ်လှမ်းတာလို့ရော ခေါ်ဆိုလို့ရပါသလား။

**ဖြေ- ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်**

ကျွန်တော်တို့ ဒီတွေ့ဆုံမှုတွေကိုတော့ ဆက်လက်ပြီးတော့ လုပ်ဆောင်သွားဖို့ခုနက ဒီထဲမှာပါတဲ့အတိုင်းပဲ ကျွန်တော်တို့ သဘောတူထားပြီးဖြစ်ပါတယ်။ ဒီဥစ္စာက ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်ဖို့ကိစ္စတွေ၊ ရှေ့လျှောက်လုပ်သွားစရာကိစ္စတွေ အများကြီးရဲ့ အစခြေလှမ်းတစ်ခုလို့ ပြောမယ်ဆိုရင်တော့ ပြောနိုင်ပါတယ်။

**မေး- ဦးသီဟစော(မြန်မာ့ခေတ်စီးပွားရေးမဂ္ဂဇင်းနှင့် Open News ဂျာနယ် အယ်ဒီတာချုပ်)**

အန်တီစု၊ ဒါက New cabinet နဲ့ အန်တီစုရဲ့ Dialogue Conference အစလို့ ပြောမယ်ဆိုရင် အန်တီ့ဘက်က ဘာတွေကို မျှော်လင့်ထားပါသလဲ၊ ဘာတွေ ရလဒ်ရမယ်လို့ ယူဆပါသလဲ။

**ဖြေ- ဒေါ်အောင်ဆန်းစုကြည်**

ကျွန်မတို့ကတော့ တိုင်းပြည်အတွက် အကျိုးဖြစ်စေမယ့် ရလဒ်တွေပဲ မျှော်လင့်ပါတယ်၊ ဘာပဲလုပ်လုပ်ပေါ့နော်၊ ဘာစကားပဲပြောပြော၊ ဘယ်သူနဲ့ပဲတွေ့တွေ့၊ ကျွန်မတို့ရဲ့ ရည်ရွယ်ချက်ကတော့ နိုင်ငံနှင့် တိုင်းပြည်အတွက် ပြည်သူပြည်သားများကို အကျိုးပြုဖို့ပါပဲ။ အဲဒါကိုပဲ ကျွန်မတို့ မျှော်လင့်ပါတယ်။ **(သတင်းစဉ်)**

# Database Management Course နှင့် E-mail and Internet Course သင်တန်းဖွင့်

**နေပြည်တော် ဇူလိုင် ၂၅**

ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် ရုံးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် မြန်ဆန်သွက်လက်စွာ ဆောင်ရွက်နိုင်စေရန်နှင့် တည်ဆောက်ပြီးဖြစ်သည့် e-Government အခြေခံအဆောက်အအုံကို ထိထိရောက်ရောက်အသုံးပြုနိုင်စေရန် ရည်ရွယ်ပြီး ဤသင်တန်းများကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်းဖြင့် နေပြည်တော်ရှိ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးရုံးခန်းမ၌ ယနေ့နံနက် ၉ နာရီခွဲတွင် ကျင်းပသည့် Database Management Course နှင့် E-Mail and Internet Course သင်တန်း ဖွင့်ပွဲအခမ်းအနား၌ ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းက မှာကြားသည်။

Database Management Course သင်တန်း၌ ရုံးလုပ်ငန်းများအတွက် Data အချက်အလက်များကို Server ဖြင့် သိမ်းဆည်းခြင်း၊ အဆက်အစပ်ရှိအောင် ချိတ်ဆက်ခြင်း အခြေခံသဘောတရားနှင့် အလုပ်လုပ်ဆောင်ပုံနှင့် စနစ်တစ်ခု ဖန်တီးပုံတို့ကို သင်ကြားပို့ချသွားမည်ဖြစ်သည်။ E-mail and Internet Course သင်တန်းတွင် E-mail နှင့် ပတ်သက်ပြီး E-mail ဆက်သွယ်ရေးစနစ် ဖွဲ့စည်းတည်ဆောက်ပုံနှင့် သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ အကျိုးရှိရှိ ရယူသုံးစွဲနိုင်စေရန်၊ မိမိရေးဆွဲထားသည့် Web Page များကို Internet ပေါ်သို့ အချိန်နှင့် တစ်ပြေးညီ ရောက်ရှိစေရန် စာတွေ့ လက်တွေ့ သင်ကြားပေးမည် ဖြစ်သည်။

ယနေ့ဖွင့်လှစ်သော သင်တန်းများသို့ ဝန်ကြီးဌာနများမှ သင်တန်းသား သင်တန်းသူ ၇၈ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ဆုပေးအပ်**

သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း အောင်ပွဲရအားကစားသမားများအားဂုဏ်ပြုပွဲအခမ်းအနား၌အကောင်းဆုံး အားကစားသမားဆုရရှိသူတစ်ဦးအား ဆုပေးအပ်စဉ်။ (သတင်းစဉ်)

# သစ်တောရေးရာဝန်ကြီးဌာန အောင်ပွဲရအားကစားသမားများ ဂုဏ်ပြု

**ရန်ကုန် ဇူလိုင် ၂၅**

သစ်တောရေးရာ ဝန်ကြီးဌာနအနေဖြင့် အားကစားအသင်း(၁၂) သင်းကို ဖွဲ့စည်းထားပြီး တိုးတက်အောင်မြင်မှုရရှိရန် ဆောင်ရွက်လျက်ရှိကြောင်း၊ အားကစားရာသီနှစ်နှစ်အတွင်း ပြည်တွင်းအားကစားပြိုင်ပွဲတွင် ရွှေ ၁၁၆ ခု၊ ငွေ ၇၇ခု၊ ကြေး ၈၂ ခုနှင့် နိုင်ငံတကာပြည်ပအားကစားပြိုင်ပွဲတွင် ရွှေ ငါးခု၊ ငွေ ခုနစ်ခု၊ ကြေး ခုနစ်ခု ဆွတ်ခူးရရှိခဲ့ရာ ဝန်ကြီးဌာန၏ဂုဏ်ကို မြှင့်တင်ပေးရာရောက်သဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းဖြင့် ဇူလိုင် ၂၄ ရက်ညပိုင်းတွင် ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းဗဟိုဌာန၌ကျင်းပသော သစ်တောရေးရာဝန်ကြီးဌာန အောင်ပွဲရအားကစားသမားများအား ဂုဏ်ပြုပွဲအခမ်းအနား၌ သစ်တောရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက ပြောကြားသည်။

**မှာကြား**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနရှိအားကစားဆပ်ကော်မတီများအနေဖြင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် မြန်မာ့လက်ရွေးစင် အားကစားသမားများထွက်ပေါ်လာရေး ကြိုးပမ်းအားထုတ်သွားကြရန်၊ ဝန်ကြီးဌာနကိုယ်စားပြု အားကစားမောင်မယ်များအားလုံးသည် အားကစားဖြင့် ဝန်ကြီးဌာန၏ဂုဏ်ကို မြှင့်တင်ပေးရန်နှင့် နိုင်ငံ့ဂုဏ်ဆောင် အောင်ပွဲရ အားကစားသမားများ ဖြစ်အောင် မလျှော့သော ဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် ကြိုးပမ်းသွားကြရန် မှာကြားသည်။

**ပေးအပ်ချီးမြှင့်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများက အကောင်းဆုံးအားကစားသမားဆု ရရှိသူနှစ်ဦးနှင့် ပြိုင်ပွဲအလိုက် ဆုရရှိသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးဖုန်းလွင်နှင့်အဖွဲ့ ကြံခင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သော အင်တိုင်းကျေးရွာအဝင်လမ်း ကျောက်ချောခင်း ဆောင်ရွက်ပြီးစီးမှုကို ဇူလိုင် ၈ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမင်းဇော်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်မိမိခိုင်တို့ ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)

# နိုင်ငံရေးပါတီတည်ထောင်လိုသူများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီ တည်ထောင်လိုကြောင်း လျှောက်ထားလျက်ရှိ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၄ နှင့် ပုဒ်မ ၆ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှု ရှိ/မရှိ စိစစ်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၅**

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သို့ နိုင်ငံရေးပါတီတည်ထောင်လိုကြောင်း လျှောက်ထားလျက်ရှိကြရာ ဇူလိုင်၁၂ ရက်တွင် ဦးအုန်းလွင်အပါအဝင် ပုဂ္ဂိုလ် ၁၆ ဦးက ညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးပါတီ (Party for Unity and Peace) ကို တည်ထောင်လိုကြောင်း လာရောက်လျှောက်ထားခဲ့သည်။

**ညှိနှိုင်းထား**

ယင်းလျှောက်ထားချက်နှင့်ပတ်သက်ပြီး ပါတီတည်ထောင်လိုသူ ပုဂ္ဂိုလ်များသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၄ နှင့် ပုဒ်မ ၆ ပါ ပြဋ္ဌာန်းချက်များနှင့်ညီညွတ်မှု ရှိ/မရှိ စိစစ်ပေးနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သက်ဆိုင်ရာဝန်ကြီးဌာနများထံ မေတ္တာရပ်ခံ ညှိနှိုင်းထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## တွေ့ဆုံ

သမ္မတရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်အား ကိုရီးယားသမ္မတနိုင်ငံ HANA INTERNATIONAL INC မှ Chairman Dr. Sumual In ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လာရောက် တွေ့ဆုံစဉ်။ (သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်အား ကိုရီးယားသမ္မတနိုင်ငံမှ ဧည့်သည်အဖွဲ့လာရောက်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၅

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်အား ကိုရီးယားသမ္မတနိုင်ငံ HANA INTERNATIONAL INC မှ Chairman Dr. Sumual In ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးရုံး ဧည့်ခန်းမဆောင်၌ လာရောက်တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် ဆိပ်ကမ်းဒေသ စက်မှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရာ၌ ဇီဝစွမ်းအင်၊ လေစွမ်းအင်နှင့် နေရောင်ခြည်စွမ်းအင်တို့ကို ကောင်းမွန်လုံလောက်စွာထုတ်လုပ်ရေးနှင့် သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေး၊ ပြည်တွင်းအလုပ်သမားများ အလုပ်အကိုင်တိုးတက်ရရှိရေး၊ နည်းပညာလွှဲပြောင်းပေးရေး၊ စီမံကိန်းဒေသ၌ မြို့ပြအဆောက်အအုံများ စနစ်တကျပါဝင်ရေးဆွဲရေး၊ စေတနာအရင်းခံထား၍ ခိုင်မာသန့်ရှင်းသောစိတ်ဓာတ်ဖြင့် နှစ်ဦးနှစ်ဖက် ပူးပေါင်းဖြေရှင်းဆောင်ရွက်သွားရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

**ပုလဲမြို့သန့်ရှင်းသာယာလှပရေးအတွက် စနေနေ့တိုင်း အထူးသန့်ရှင်းရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂ ရက်က စာသင်ကျောင်းများရှေ့နှင့် ပုလဲ-ဂန့်ဂေါ လမ်းမကြီး ဝဲယာတစ်လျှောက် ချုံနွယ်များ ရှင်းလင်းခြင်း၊ ရေမြောင်းများရေစီးရေလာကောင်းမွန်ရေးနှင့် သန့်ရှင်းရေးပြုလုပ်ခြင်းကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစန်းအောင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးခိုင်တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။** (မြို့နယ်စည်ပင်)

# မလှိုင်မြို့နယ်၌ အမကကျောင်း(ခွဲ)ဖွင့်

မလှိုင် ဇူလိုင် ၂၅

မလှိုင်မြို့နယ် ယာကြီးကုန်းကျေးရွာအုပ်စု လျှော်ကန်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း(ခွဲ)ဖွင့်ပွဲကို ဇွန် ၂ ရက်က အဆိုပါ ကျေးရွာကျောင်း၌ ကျင်းပရာ ရှေးဦးစွာ လျှော်ကန်ကျေးရွာ အမက ကျောင်းခွဲဆိုင်းဘုတ်ကို မြို့နယ်ပညာရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးသန်းရွှေ၊ မြို့နယ် ပညာရေးမှူး ဒေါ်အေးသန်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန်းထိုက်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)** ထို့နောက် ကျောင်းဝိုင်းမြေနှင့် စက်ရေတွင်းအလှူရှင် ဦးမုန်း-ဒေါ်မိုးရီ မိသားစုက ကျောင်းဝိုင်းမြေနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို မြို့နယ် ပညာရေးမှူးထံ လွှဲပြောင်းပေးအပ်သည်။

### ပေးအပ်လှူဒါန်း

ဆက်လက်၍ အလှူရှင်များက အလှူငွေ၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးကျော်ထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ **(ဝ၈၃)**

# မိုးစိုက် နှမ်းလျှင်သီးနှံများ နတ်မောက်မြို့၌ အောင်မြင်ဖြစ်ထွန်း

*နတ်မောက် ဇူလိုင် ၂၅*

*မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်တွင် ဇွန်လအတွင်း တစ်လလုံးနီးပါးမိုးရွာသွန်းခဲ့သဖြင့် မိုးစိုက်နှမ်းလျှင်သီးနှံစိုက်ဧက တစ်သိန်းကိုးသောင်းကျော်စိုက်ပျိုးနိုင်ခဲ့ရာ နှမ်းလျှင်သီးနှံများ ကြီးထွားအောင်မြင်ဖြစ်ထွန်းမှုကို ပိုမိုအထောက်အကူပြုခဲ့သည်။*

*ယခုအခါ မိုးစိုက်နှမ်းလျှင်သီးနှံများ အောင်မြင်ဖြစ်ထွန်း ရင့်မှည့်ပြီဖြစ်သဖြင့် ဇူလိုင် ၂၅ ရက်နောက်ပိုင်းတွင် နှမ်းလျှင်သီးနှံများ ရိတ်သိမ်းတော့မည်ဖြစ်ရာ ယခင်နှစ်နှစ်ခန့်ကထက် ယခုနှစ် နှမ်းလျှင်သီးနှံများ ပိုမိုထွက်ရှိမည်ဟု ခန့်မှန်းထားကြောင်း သိရှိရသည်။ (အောက်ပုံ)* *(၁၂၇)*

# တောင်တွင်းကြီး-လားရှိုး အမြန်ယာဉ်လိုင်းသစ်ဖွင့်လှစ်

တောင်တွင်းကြီး ဇူလိုင် ၂၅

တောင်တွင်းကြီး-မကွေး-မန္တလေး-ပြင်ဦးလွင်-လားရှိုးခရီးစဉ် စွယ်တော်ဖူးမှန်လုံ(အထူး) အမြန်ယာဉ်လိုင်းအသစ်တိုးချဲ့ဖွင့်လှစ်ပွဲကို ဇူလိုင် ၂၄ ရက် နံနက် ၇ နာရီ မိနစ် ၂၀က ကျင်းပရာ တောင်တွင်းကြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်ကျော်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး တင်မျိုးအောင်နှင့် (မထသ)ဥက္ကဋ္ဌ ဦးမောင်ဌေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

### ပြေးဆွဲသွားမည်

ခရီးသွားပြည်သူများ သွားလာမှုလွယ်ကူချောမွေ့စေရန်အတွက် ရည်ရွယ်ပြီး အဆိုပါခရီးစဉ်ကို နေ့စဉ်အချိန်မှန် အသွားအပြန် မှန်လုံလေအေးစက်ပါ မော်တော်ယာဉ်အသစ်များဖြင့် ပြေးဆွဲသွားမည်ဖြစ်ပြီး တောင်တွင်းကြီးမှ နေ့စဉ်ညနေ ၅ နာရီ ထွက်ခွာကာ လားရှိုးမှ နံနက် ၉ နာရီတွင် ထွက်ခွာမည်ဖြစ်သည်။ တောင်တွင်းကြီးမှ လားရှိုးသို့ လူတစ်ဦးလျှင်ကားခငွေကျပ် ၁၄၀၀၀ ၊ ပြင်ဦးလွင်သို့ ငွေကျပ် ၈၅၀၀၊ မန္တလေးသို့ ငွေကျပ် ၆၀၀၀၊ မကွေးသို့ ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရှိရသည်။ (၁၁၇)

# အထက်တန်းကျောင်း(ခွဲ) တီးတိန်မြို့နယ်၌ဖွင့်

တီးတိန် ဇူလိုင် ၂၅

တီးတိန်မြို့နယ် ဆိုင်းဇန်ရွာကြီးတွင် ဇွန် ၄ ရက် နံနက် ၁၁နာရီက အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ဖွင့်ပွဲကျင်းပရာ အဆိုပါကျောင်း(ခွဲ) ဖွင့်ပွဲ အခမ်းအနားတွင်ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး မြို့နယ်ပညာရေးမှူး ဦးဂင့်ကျင့်ခွာလ်၊ မြို့နယ်ဆေးရုံအုပ် ဒေါက်တာတင်ထွန်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဆွောင်းဇမ်းတန်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

**အလိမ္မာ စာမှာရှိ**

# အစားအသောက်များ ကျန်းမာရေးနှင့်ညီညွတ်ရေး ဈေးများအတွင်း စစ်ဆေးဆောင်ရွက်

ဘီးလင်းမြို့ မင်္ဂလာဈေးဝင်းအတွင်း ကျန်းမာရေးနှင့်ညီညွတ်ပြီး သန့်ရှင်းသော သား၊ ငါးများ ရောင်းချရေးအတွက် ဇူလိုင် ၈ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦးနှင့် အမှုဆောင်အရာရှိ ဦးရဲဝင်းတို့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မြိတ်မြို့နယ်အတွင်းရှိ ပုဂ္ဂလိကကုန်စုံဆိုင်ကြီးများနှင့် စတိုးဆိုင်များ၌ သက်တမ်းကုန်၊ သက်တမ်းလွန်ကုန်ပစ္စည်းများ ရောင်းချခြင်း ရှိ မရှိကို ဇူလိုင် ၇ရက်က ဒုတိယဦးစီးမှူး(ဈေး) ဦးအောင်အောင်မျိုးနှင့်အဖွဲ့ စစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ရသေ့တောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်တင်ဦး ဇူလိုင် ၁ ရက်က မြို့မစည်ပင်သာယာဈေးအတွင်း သန့်ရှင်းလတ်ဆတ်သော သား၊ ငါးများရောင်းချမှုနှင့် အလေးချိန်ခွင် မှန်ကန်မှု ရှိ မရှိ စစ်ဆေးဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မိုးညိုမြို့ မြို့မဈေးကြီးအတွင်း သန့်ရှင်းလတ်ဆတ်၍ ကျန်းမာရေးနှင့်ညီညွတ်သော အသား၊ ငါးများ၊ စားသောက်ကုန်များရောင်းချရေးအတွက် ဇူလိုင် ၈ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်မိုးသိန်းနှင့် ဝန်ထမ်းများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ ဈေးအတွင်းကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

# မြေယာရှင်းအလှပြုပြင်ခြင်း ဆောင်ရွက်

ကနီ ဇူလိုင် ၂၅

ကနီမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့အဝင် ကနီ-မင်းကင်းလမ်းမကြီးပေါ်တွင် မြေယာရှင်းအလှပြုပြင်ခြင်းလုပ်ငန်းနှင့် ပန်းခုံများပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ဇွန် ၂၃ရက်က အမှုဆောင်အရာရှိ ဦးတင့်လွင် ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ဆိုင်က ရှင်းလင်းတင်ပြခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

# အမေရိကန်၌ သေနတ်သမားတစ်ဦး ရမ်းကားပစ်ခတ်၊ ခုနစ်ဦးဒဏ်ရာရ

ဆန်ဖရန်စစ္စကို ဇူလိုင် ၂၅

**အမေရိကန်နိုင်ငံ ဆီးတယ်မြို့အနီး ကာစီနိုပျော်ပွဲရုံတစ်ရုံ၌ ဇူလိုင် ၂၄ ရက် နံနက်က သေနတ်သမားတစ်ဦး၏ ပစ်ခတ်မှုကြောင့် ခုနစ်ဦး ဒဏ်ရာရရှိသွားကြောင်း၊ ဒဏ်ရာရရှိသူနှစ်ဦးမှာ စိုးရိမ်ရဖွယ်ရှိကြောင်း ဒေသခံမီဒီယာများက ဖော်ပြသည်။**

အခင်းဖြစ်ပွားမှုမှာ ဆီးတယ်မြို့ တောင်ဘက် မိုင် ၂၀ ခန့်အကွာ အူဘန်မြို့ရှိ မက်လက်ရှော့ကာစီနိုပျော်ပွဲရုံ၌ ယင်းနေ့နံနက် ၁ နာရီခွဲက အသက် ၄၂ နှစ်အရွယ် သေနတ်သမားတစ်ဦးဝင်ရောက်လာပြီး သေနတ်ဖြင့် ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။

သေနတ်သမားမှာ ယင်းကာစီနိုရုံအတွင်း ဝင်ရောက်လာသည်နှင့် အမျိုးသမီးတစ်ဦးနှင့်အတူတွဲကနေသော အမျိုးသားတစ်ဦးအား သေနတ်ဖြင့် စတင်ပစ်ခတ်သည်။ ထို့နောက် ကပွဲခန်းမအတွင်း နေရာအနှံ့ဆက်တိုက်ပစ်ခတ်ခဲ့ရာ အမျိုးသား၊ အမျိုးသမီး ငါးဦးထက်မနည်း သေနတ်ထိမှန်ခဲ့သည်ဟု ကီရိုရုပ်မြင်သံကြားသတင်းဌာနမှ တာဝန်ရှိသူများက ပြောကြားသည်။

ယင်းသေနတ်သမားသည် အိမ်၌စကားများရန်ဖြစ်ခဲ့ရာမှ ကာစီနိုပျော်ပွဲရုံအတွင်း ဒေါသအလျောက် သေနတ်ဖြင့် ပစ်ခတ်မှုများ ကျူးလွန်ခဲ့ခြင်းဖြစ်သည်ဟု ယူဆရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

သေနတ်သမားသည် ပစ်ခတ်မှုများ ကျူးလွန်ခဲ့ပြီးနောက် ပျော်ပွဲရုံအတွင်းမှ ထွက်ပြေးရန်ကြိုးစားခဲ့ရာ ပျော်ပွဲရုံ လုံခြုံရေးများက ဝိုင်းဝန်းဖမ်းဆီးခဲ့ကြပြီး ရဲလက်သို့အပ်ခဲ့ကြောင်းသိရသည်။ **(အင်တာနက်)**

**အမေရိကန်နိုင်ငံ ဆီးတယ်မြို့အနီးတွင်ရှိသည့် ကာစီနိုပျော်ပွဲစားရုံ၌ သေနတ်သမားတစ်ဦး ပစ်ခတ်ခဲ့ပြီးနောက် မြင်ကွင်းကို ဤသို့မြင်တွေ့ရသည်။** (အင်တာနက်)

# ရုရှား၌ သင်္ဘောနစ်မြုပ်မှု သေဆုံးသူ ၁၂၀ ရှိပြီ

**မော်စကို ဇူလိုင် ၂၅**

ရုရှားနိုင်ငံ ဗော်လကာမြစ်အတွင်း နစ်မြုပ်သွားသော ဘူလ်ဂေးရီးယား အပျော်စီးသင်္ဘောအတွင်းမှ ဇူလိုင် ၂၄ ရက်က အလောင်းခြောက်လောင်း ထပ်မံတွေ့ရှိသဖြင့် သေဆုံးသူဦးရေ ၁၂၀ ရှိသွားပြီဖြစ်ကြောင်း တာတာစတန်အရေးပေါ်အခြေအနေဆိုင်ရာ ဝန်ကြီးဌာနက ကြေညာသည်။

**ရှာဖွေ**

ပျောက်ဆုံးသူများစာရင်းတွင် အမျိုးသမီးနှစ်ဦးပါဝင်ပြီး ရေငုပ်သမားများသည် သေဆုံးသူများကို မြစ်ကမ်းတစ်လျှောက်နှင့် ကျွန်း ၁၂ ကျွန်းတို့တွင် ဆက်လက်ရှာဖွေလျက်ရှိသည်။

**နစ်မြုပ်**

နစ်မြုပ်သွားသော သင်္ဘောကို ဗော်လကာမြစ်ကြမ်းပြင်မှ ဝန်ချီစက်ကြီးနှစ်ခုဖြင့် ဆယ်ယူကာ ကမ်းနီးရေတိမ်ပိုင်းသို့ ဇူလိုင် ၂၃ ရက်က ဆွဲယူလာခဲ့သည်။ ဗော်လကာမြစ်အတွင်း ဇူလိုင် ၁၀ ရက်က မုန်တိုင်းမိပြီး အဆိုပါသင်္ဘောနစ်မြုပ်သွားခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

# အော်စလိုမြို့ တိုက်ခိုက်မှုနှစ်ရပ် ကျူးလွန်မိကြောင်း တရားခံထွက်ဆို

**အော်စလို ဇူလိုင် ၂၅**

နော်ဝေနိုင်ငံ အော်စလိုမြို့တွင် ဇူလိုင် ၂၂ ရက်က အကြမ်းဖက်တိုက်ခိုက်မှုနှစ်ရပ်တွင် အဓိကတာဝန်ရှိသူဟု စွပ်စွဲခံရသူ မစ္စတာ အန်ဒါဘာရင်းဘရိုင်ဗစ်(ခ်)**(အပေါ်ပုံ)** အား ဇူလိုင်၂၅ ရက်က ပထမဆုံးအကြိမ် ရုံးထုတ်စစ်ဆေးခဲ့သည်။

အသက် ၃၂ နှစ်အရွယ်ရှိ မစ္စတာ ဘရိုင်ဗစ်(ခ်)က ကျွန်းတစ်ကျွန်းပေါ်ရှိ လူငယ်စခန်းကို သေနတ်ဖြင့်ပစ်ခတ်မှုနှင့် မြို့တော်အော်စလိုမြို့၌ ဗုံးခွဲတိုက်ခိုက်မှုတို့ကြောင့် လူပေါင်း ၉၃ ဦး သေဆုံးခဲ့သည့် အမှုနှစ်ရပ်စလုံးကို ကျူးလွန်မိကြောင်း ဝန်ခံပြောကြားလိုက်သည်။

သူသည် " ကျွန်တော်ဒီလိုအကြမ်းဖက်တိုက်ခိုက်ဖို့ နှစ်ပေါင်းများစွာ ကြံစည်ခဲ့ပြီးမှ ယခုလို တိုက်ခိုက်ခဲ့တာဖြစ်ပါတယ်" ဟုဝန်ခံပြောကြားလိုက်သည်။ နော်ဝေတစ်နိုင်ငံလုံး ဇူလိုင် ၂၄ ရက် ဒေသစံတော်ချိန် ၁၂ နာရီတိတိတွင် ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် တစ်မိနစ်ကြာ ငြိမ်သက်နေခဲ့သည်။ မစ္စတာဘရိုင်ဗစ်(ခ်)သည် အထက်ပါ ပြစ်မှုများ ထင်ရှားပါက နော်ဝေနိုင်ငံ ဥပဒေအရ အနည်းဆုံး ထောင်ဒဏ် ၂၁နှစ် ကျခံရဖွယ်ရှိသည်။ **(အင်တာနက်)**

# အာဖဂန်အရှေ့ပိုင်း၌ နေတိုးရဟတ်ယာဉ်တစ်စင်းပျက်ကျ

**ကဘူးလ် ဇူလိုင် ၂၅**



မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး)ဦးဆောင်သည့် နိုင်ငံတကာ လုံခြုံမှုအကူအညီပေးရေးတပ်ဖွဲ့ (အိုင်အက်စ်အေအက်ဖ်)ရဟတ်ယာဉ်တစ်စင်း အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း ကူနာပြည်နယ်အတွင်း ပျက်ကျခဲ့ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။ **(ယာပုံ)**

နေတိုးရဟတ်ယာဉ်တစ်စင်းမှာ အရှေ့ပိုင်းကူနာပြည်နယ် မာအိုဂိုင်ခရိုင်တွင် ဇူလိုင် ၂၅ ရက် နံနက်စောစောပိုင်းက ပျက်ကျခဲ့ခြင်းဖြစ်သည်ဆို၏။ လေယာဉ်ပျက်ကျရာနေရာသို့ အရောက်သွားရန် ကြိုးပမ်းသည့် ကယ်ဆယ်ရေးအဖွဲ့ဝင်များကို ရန်သူက သေနတ်ဖြင့်ပစ်ခတ်ကြကြောင်း အိုင်အက်စ်အေအက်ဖ် ကြေညာချက်တွင် ဖော်ပြထားသည်။ **(အင်တာနက်)**

# ကိုပါအမေရိကဖလားဥရုဂွေး (၁၅)ကြိမ်မြောက် ဆွတ်ခူး အကောင်းဆုံးကစားသမားဆု ဆွာရက်ဇ်ရရှိ

*ဗျူနိုအေရီ ဇူလိုင် ၂၅*

***ကိုပါအမေရိကဖလားဘောလုံးပြိုင်ပွဲနောက်ဆုံးဗိုလ်လုပွဲကို အာဂျင်တီးနားနိုင်ငံ ဗျူနိုအေရီမြို့၌ ဇူလိုင် ၂၅ရက်က ဥရုဂွေးနှင့်ပါရာဂွေးအသင်းတို့ ယှဉ်ပြိုင်ကစားရာ ဥရုဂွေးအသင်းက သုံးဂိုးပြတ်ဖြင့်အနိုင်ရပြီး ကိုပါအမေရိကဖလားကို(၁၅)ကြိမ်မြောက်ဆွတ်ခူးရရှိသွားပြီဖြစ်သည်။*** *(အောက်ပုံ)*

*ဥရုဂွေးအသင်းတွင် တိုက်စစ်၌ ဒီဂိုဖော်လန်ဦးဆောင်ပြီး ပါရာဂွေးဘက်သို့ ထိုးဖောက်ကစားခဲ့ရာ ရရှိသည့်အခွင့်အရေးများကို အသုံးချနိုင်ခဲ့၍သာ အနိုင်ဂိုးများရရှိခဲ့ခြင်းဖြစ်သည်။*

*ဥရုဂွေးအတွက် ဂိုးများကို ပွဲချိန် ၁၁ မိနစ်၌ ဆွာရက်ဇ်က တစ်ဂိုးသွင်းပြီး ပွဲချိန် ၄၂မိနစ်၌ ဒီဂိုဖော်လန်က တစ်ဂိုး သွင်းယူခဲ့သဖြင့် ပထမပိုင်းပွဲချိန်အတွင်းဥရုဂွေးတို့နှစ်ဂိုးအသာဖြင့် ဦးဆောင်နိုင်ခဲ့သည်။*

***ဗိုလ်စွဲခဲ့***

*ဒုတိယပိုင်းပွဲချိန်အတွင်း ပါရာဂွေးတို့ချေပဂိုးမသွင်းနိုင်ဘဲ ပွဲချိန်မိနစ် ၉၀၌ ဒီဂိုဖော်လန်က တစ်ဂိုးထပ်မံသွင်းယူခဲ့သဖြင့် ဥရုဂွေးတို့ သုံးဂိုးပြတ်ဖြင့်အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ဥရုဂွေးအသင်းသည် ယခုနှစ် ကိုပါအမေရိကဖလားပွဲစဉ်တစ်လျှောက်ခြောက်ပွဲကစားခဲ့ရာ ရှုံးပွဲမရှိဘဲ အနိုင်ရဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။*

***အနိုင်ရ***

*ကွာတားဖိုင်နယ်၌ အာဂျင်တီးနားကို ပယ်နယ်တီအဆုံးအဖြတ် ငါးဂိုး-လေးဂိုးဖြင့်အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲ၌ ပီရူးကိုနှစ်ဂိုးပြတ်ဖြင့်နိုင်ကာ နောက်ဆုံးဗိုလ်လုပွဲ၌ပါရာဂွေးကို သုံးဂိုးပြတ်အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။*

**မောင်မောင်မြင့်ဆွေ- ရေးသားသည်**

***ငါးဂိုးသွင်းယူ***

*ယခုနှစ် ကိုပါအမေရိကဖလားဘောလုံးပွဲ၌ ဂိုးအများဆုံး သွင်းယူခဲ့သော ဘောလုံးသမားမှာ ပီရူးအသင်းမှ ဂွီရီရိုဖြစ်ပြီး ငါးဂိုးသွင်းယူနိုင်ခဲ့သည်။ ဥရုဂွေးမှ ဆွာရက်ဇ်က လေးဂိုး၊ အာဂျင်တီးနားမှ အဂွီရိုကသုံးဂိုး သွင်းယူခဲ့ကြသည်။*

***မှတ်တမ်းတင်***

*အကောင်းဆုံး ဘောလုံးသမားဆုကို အသက် ၂၄နှစ်အရွယ်ရှိ ဥရုဂွေးတိုက်စစ်မှူးနှင့် လီဗာပူးကစားသမား ဆွာရက်ဇ် ရွေးချယ်ချီးမြှင့်ခြင်းခံရသည်။ ယခုပွဲ၌ ကိုပါအမေရိကဖလားရရှိခဲ့သဖြင့် ဥရုဂွေးအသင်းသည် ၁၉၁၆၊ ၁၉၁၇၊ ၁၉၂၀၊ ၁၉၂၃၊ ၁၉၂၄၊ ၁၉၂၆၊ ၁၉၃၅၊ ၁၉၄၂၊ ၁၉၅၆ ၊၁၉၅၉၊ ၁၉၆၇၊ ၁၉၈၃၊ ၁၉၈၇၊ ၁၉၉၅၊ ၂၀၁၁ ခုနှစ်တို့၌ ကိုပါအမေရိကဖလားရရှိခဲ့ရာ (၁၄)ကြိမ်ရရှိခဲ့သော အာဂျင်တီးနား၏ စံချိန်ကို ကျော်ဖြတ်ကာ မှတ်တမ်းတင်နိုင်ခဲ့ပြီဖြစ်သည်။* ***(အင်တာနက်)***

**ဥရုဂွေးတိုက်စစ်မှူး ဆွာရက်ဇ်။**

# ထိုင်းအောစတားအသင်းအား ချယ်လ်ဆီး လေးဂိုးပြတ်အနိုင်ရ

**ဗန်ကောက် ဇူလိုင် ၂၅**

ရာသီအကြိုခြေစမ်းပွဲအဖြစ် ထိုင်းနိုင်ငံသို့ရောက်ရှိနေသော ချယ်လ်ဆီးအသင်းသည် ထိုင်းနိုင်ငံမှ အောစတားအသင်းနှင့် ဇူလိုင် ၂၄ ရက်က ယှဉ်ပြိုင်ကစားရာ ချယ်လ်ဆီးက လေးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။ **(အပေါ်ပုံ)**

ချယ်လ်ဆီးအသင်းတွင် အနယ်လ်ကာ၊ လမ်းပတ်၊ မာလူဒါတို့အပါအဝင် အဓိကကစားသမားအများအပြား ပွဲထွက်ကစားခဲ့ကြသည်။ ထိုင်းပရိသတ်နှင့် အာရှမှဘောလုံးဝါသနာရှင်များ ကွင်းလုံးပြည့်လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

ချယ်လ်ဆီးအတွက်ဂိုးများကို ပွဲချိန် ၃၈ မိနစ်၌ တစ်ဂိုး၊ ဘော်စင်ဝါက ၄၉ မိနစ်၌ တစ်ဂိုး၊ အီဗင်နိုဗစ်က ၅၂ မိနစ်၌ တစ်ဂိုး၊ မာလူဒါက ၇၂ မိနစ်၌ တစ်ဂိုး သွင်းယူခဲ့သဖြင့် လေးဂိုးပြတ်အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

# ဘေယန်မြူးနစ်ကစားသမား ရီဘာရီဒဏ်ရာရရှိ

**ဘာလင် ဇူလိုင် ၂၅**

ဂျာမန်ကလပ် ဘေယန်မြူးနစ်အသင်းမှ အဓိကကစားသမား ဖရန့်ရီဘာရီသည် ဇူလိုင် ၂၄ ရက်က ကစားဖော်များနှင့်လေ့ကျင့်စဉ် ဝဲဘက်ခြေချင်းဝတ် ဒဏ်ရာရရှိခဲ့ကြောင်း ဘေယန်မြူးနစ်ကလပ်က သတင်းထုတ်ပြန်သည်။

အသက် ၂၈ နှစ်အရွယ်ရှိ ရီဘာရီသည်ဒဏ်ရာရရှိပြီး မြေပြင်ပေါ်လဲကျခဲ့ရာ ကစားဖော်များကွင်းအပြင်ဘက်တွဲ၍ထုတ်ခဲ့ရသည်။ ၎င်း၏ဒဏ်ရာမှာ ပြင်းထန်ဖွယ်ရှိကြောင်း ဘေယန်မြူးနစ်ကလပ်နည်းပြ ဟေနက်စ်ကပြောကြားသည်။ **(အင်တာနက်)**

### ✻ ရှေ့ဖုံးမှ

တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝတ်အသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

အစီအစဉ်အရ ဆရာတော် သံဃာတော်များနှင့် ပရိသတ်များက နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ကြသည်။

#### ကိုးပါးသီလခံယူဆောက်တည်

ထို့နောက် နိုင်ငံတော်သြဝါဒါစရိယ မန္တလေးမြို့ မဟာအောင်မြေမြို့နယ် မဟာဝိသုဒ္ဓါရုံတိုက်သစ် ဝါဆိုကျောင်းဆရာတော်ထံမှ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းနှင့် ဇနီးဒေါ်နန်းရွှေမှုန်နှင့် ဧည့်ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော်သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များကို နာယူကြသည်။

#### ဆက်ကပ်လှူဒါန်း

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်တို့က နိုင်ငံတော်သြဝါဒါစရိယ ရွှေကျင်သာသနာပိုင် ဝါဆိုကျောင်းဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တက်ရောက် လာကြသူများက ဆရာတော် သံဃာတော်များထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

#### ရုပ်သိမ်း

ထို့နောက် နိုင်ငံတော် သြဝါဒါစရိယ မဟာအောင်မြေမြို့နယ် မြတောင်ကျောင်းတိုက် ရွှေဝါဝင်းကျောင်းဆရာတော်ထံမှ ဧည့်ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

## ကိုးပါးသီလခံယူဆောက်တည်

**နိုင်ငံတော် သြဝါဒါစရိယ မန္တလေးမြို့ မဟာအောင်မြေမြို့နယ် မဟာဝိသုဒ္ဓါရုံတိုက်သစ် ဝါဆိုကျောင်းဆရာတော် ရွှေကျင်သာသနာပိုင် အဘိဇ မဟာရဋ္ဌဂုရု အဘိဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တအဂ္ဂိယ ထံမှ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှုန်နှင့် ဧည့်ပရိသတ်များ ကိုးပါးသီလ ခံယူဆောက်တည်ကြစဉ်။**

(သတင်းစဉ်)

## မုတ်သုံလေ အားအသင့်အတင့်ရှိမည်

နေပြည်တော် ဇူလိုင် ၂၅

| စဉ် | တိုင်းဒေသကြီးနှင့်ပြည်နယ် | အပူချိန်(စင်တီဂရိတ်) | | မနက်ဖြန်အတွက် | |
|---|---|---|---|---|---|
| | | အမြင့်ဆုံး | အနိမ့်ဆုံး | ခန့်မှန်းချက် | ရွာရန်ရာနှုန်း |
| ၁ | ကချင်ပြည်နယ် | ၃၄ | ၂၆ | နေရာအနှံ့အပြားမိုးထစ်ချုန်းရွာ | ၈၀% |
| ၂ | ကယားပြည်နယ် | ၂၆ | ၂၀ | နေရာကျဲကျဲမိုးထစ်ချုန်းရွာ | ၈၀% |
| ၃ | ကရင်ပြည်နယ် | ၃၂ | ၂၄ | နေရာအနှံ့အပြားမိုးထစ်ချုန်းရွာ | ၈၀% |
| ၄ | ချင်းပြည်နယ် | ၂၂ | ၁၄ | နေရာစိပ်စိပ်မိုးထစ်ချုန်းရွာ | ၈၀% |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း) | ၃၃ | ၂၃ | နေရာစိပ်စိပ်မိုးထစ်ချုန်းရွာ | ၈၀% |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း) | ၃၆ | ၂၆ | နေရာကျဲကျဲမိုးထစ်ချုန်းရွာ | ၈၀% |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | ၃၀ | ၂၃ | နေရာအနှံ့အပြားမိုးထစ်ချုန်းရွာ | ၈၀% |
| ၈ | ပဲခူးတိုင်းဒေသကြီး | ၂၉ | ၂၃ | နေရာစိပ်စိပ်မိုးထစ်ချုန်းရွာ | ၈၀% |
| ၉ | မကွေးတိုင်းဒေသကြီး | ၃၃ | ၂၆ | နေရာကျဲကျဲမိုးထစ်ချုန်းရွာ | ၈၀% |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | ၃၂ | ၂၆ | နေရာကျဲကျဲမိုးထစ်ချုန်းရွာ | ၈၀% |
| ၁၁ | မွန်ပြည်နယ် | ၃၀ | ၂၄ | နေရာအနှံ့အပြားမိုးထစ်ချုန်းရွာ | ၈၀% |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၃၂ | ၂၄ | နေရာအနှံ့အပြားမိုးထစ်ချုန်းရွာ | ၈၀% |
| ၁၃ | ရခိုင်ပြည်နယ် | ၃၀ | ၂၄ | နေရာအနှံ့အပြားမိုးထစ်ချုန်းရွာ | ၈၀% |
| ၁၄ | ရှမ်းပြည်နယ်(တောင်ပိုင်း) | ၂၄ | ၁၉ | နေရာစိပ်စိပ်မိုးထစ်ချုန်းရွာ | ၈၀% |
| ၁၅ | ရှမ်းပြည်နယ်(မြောက်ပိုင်း) | ၂၈ | ၂၁ | နေရာစိပ်စိပ်မိုးထစ်ချုန်းရွာ | ၈၀% |
| ၁၆ | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ၂၉ | ၂၂ | နေရာစိပ်စိပ်မိုးထစ်ချုန်းရွာ | ၈၀% |
| ၁၇ | ဧရာဝတီတိုင်းဒေသကြီး | ၃၀ | ၂၄ | နေရာစိပ်စိပ်မိုးထစ်ချုန်းရွာ | ၈၀% |
| ၁၈ | နေပြည်တော်နှင့် အနီးတစ်ဝိုက် | ၃၂ | ၂၄ | မိုးတစ်ကြိမ်၊နှစ်ကြိမ်ထစ်ချုန်းရွာ | ၈၀% |
| ၁၉ | ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက် | ၃၂ | ၂၄ | မိုးတစ်ကြိမ်၊နှစ်ကြိမ်ထစ်ချုန်းရွာ | ၈၀% |
| ၂၀ | မန္တလေးမြို့နှင့် အနီးတစ်ဝိုက် | ၃၂ | ၂၆ | နေရာကွက်ကျားမိုးထစ်ချုန်းရွာ | ၈၀% |

| | |
|---|---|
| **ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသ တိုင်းထွာချက် အကျဉ်းချုပ်** | လွန်ခဲ့သော ၂၄ နာရီအတွင်းက ကရင်ပြည်နယ်တွင် နေရာကွက်ကျား၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ကချင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ |
| **ဘင်္ဂလားပင်လယ်အော်အခြေအနေ** | ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။ |
| **မြန်မာ့ပင်လယ်ပြင်အခြေအနေ** | လှိုင်းအသင့်အတင့်ရှိမည်။ |
| **နောက်နှစ်ရက်အတွက်ခန့်မှန်းချက်** | မုတ်သုံလေ အားအသင့်အတင့်ရှိမည်။ |

## ဆေးရုံသုံးပစ္စည်းကိရိယာများ လှူဒါန်းပွဲ ကျောက်ဖြူခရိုင် ပြည်သူ့ဆေးရုံကြီး၌ ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၅**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ ခရိုင် ပြည်သူ့ဆေးရုံကြီးအတွက် ဟွန်ဒိုင်းအကြီးစား စက်မှုလုပ်ငန်း ကုမ္ပဏီလီမိတက်က အရေးပေါ်လူနာကုသခန်း ပြုပြင်မွမ်းမံခြင်းနှင့် ဆေးရုံသုံးပစ္စည်းကိရိယာများ လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင် ၂၄ရက် နံနက် ၁၁နာရီက အဆိုပါ ခရိုင်ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးလှမောင်တင်နှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြို့မိမြို့ဖများ၊ ဟွန်ဒိုင်းအကြီးစား စက်မှုလုပ်ငန်း ကုမ္ပဏီလီမိတက်မှ အကြီးအကဲနှင့် အဖွဲ့ဝင်များ၊ ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများ၊ ဆရာဝန်များနှင့် သူနာပြုများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျောက်ဖြူခရိုင် အုပ်ချုပ်ရေးမှူး ဦးရန်လင်းအောင်က အဖွင့်အမှာစကား ပြောကြားပြီး ဟွန်ဒိုင်း အကြီးစားစက်မှုလုပ်ငန်း ကုမ္ပဏီလီမိတက် Chief Operating Officer (COO) Mr. CJ Kang က ကျောက်ဖြူခရိုင် ပြည်သူ့ဆေးရုံကြီးအတွက် အရေးပေါ်လူနာခန်းပြုပြင်မွမ်းမံခြင်းနှင့် ဆေးရုံသုံးပစ္စည်းကိရိယာများ လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကာ ခရိုင်ပြည်သူ့ဆေးရုံကြီးသို့ ငွေကျပ်သိန်း ၅၈၀ခန့်တန်ဖိုးရှိ ဆေးရုံသုံးပစ္စည်းကိရိယာ ၁၃မျိုးကို ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝင်းကျော်ထံ လွှဲပြောင်းပေးအပ်လှူဒါန်းသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပြီး **(အောက်ဝဲပုံ)** ပြည်နယ်ဝန်ကြီးချုပ်ထံ ဟွန်ဒိုင်း အကြီးစား စက်မှုလုပ်ငန်း ကုမ္ပဏီလီမိတက်က ထူးချွန်ကျောင်းသား ကျောင်းသူများအတွက် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက် ... အကယ်ဒမီ (မန္တလေး)၌ သင်တန်းသားများ ...

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၆-၇-၂၀၁၁ (အင်္ဂါနေ့)

**နံနက်ပိုင်း**

၅:၀၀ MRTV-4 အဖွင့် Logo
ပဌာန်းပါဠိတော်+မေတ္တာသုတ်
၅:၂၀ MRTV-4 သတင်း
၅:၅၀ **မီးလောင်ပြင်မှာ ပွင့်သောပန်း** တရားတော်
(ညောင်ကန်ဆရာတော် အရှင်ဣန္ဒက)
၆:၄၀ မုဒုံမြို့၏ သာသနာ့ဂုဏ်ရည်... ကန်တော်ဦးမှ မြတ်စေတီ
၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
**နွေးထွေးသောမေတ္တာ**
(အပိုင်း-၇၆)
၇:၃၀ MRTV-4 သတင်း
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
**မာယာမျဉ်းပြိုင်** (အပိုင်း-၁၈)
၈:၄၅ Activities in the City
(PPQ Bakery Ice-Cream ဆိုင်ဖွင့်ပွဲ)
၈:၅၅ တောင်စလင်းတိုက်သစ်
ဗုဒ္ဓသာသနာ
ပြန့်ပွားရေးအသင်း၏ ဒါနကုသိုလ်
၉:၁၀ ကောင်းခြင်းဝေဖြာ ဆံကေသာ...
၉:၂၅ ကျန်းမာပျော်ရွှင်ခြင်းအတွက်
KENT အိမ်သုံးရေသန့်စက်
၉:၄၀ Cartoon Show Time
(Battle For Terra)
၁၀:၂၀ Japan Video Topics



❒ *ကျောဖုံးမှ*

သုတေသနလုပ်ငန်းများ ဆောင်ရွက်နေမှု၊ အားကစားလှုပ်ရှားမှု၊ Video Conference & Communication System တပ်ဆင် ဆောင်ရွက်နေမှုနှင့် ကျောင်းပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်များစိုက်ပျိုးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

## ပူးပေါင်းဆောင်ရွက်

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးပြီး အမှာစကားပြောကြားရာတွင် မိမိနှင့်ပြည်ထောင်စုဝန်ကြီးများ လာရောက်ရခြင်းသည် တက္ကသိုလ်၏ လိုအပ်ချက်များကို သိရှိလိုသည့်အတွက် လာရောက်ခြင်းဖြစ်ကြောင်း၊ သင်ကြားနေသော ကျောင်းသား ကျောင်းသူအရေအတွက်နှင့် ကိုက်ညီအောင် လိုအပ်သည့် စာသင်ခန်းများ တိုးချဲ့တည်ဆောက်ရေးအတွက် နိုင်ငံတော်က ပံ့ပိုးပေးသင့်သည်များကို တတ်နိုင်သမျှ ပံ့ပိုးဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း၊ ဘွဲ့ရကျောင်းသား ကျောင်းသူများ၏ အရည်အသွေးမြင့်မားလာရေးအတွက် သင်ကြားပေးသည့် ဆရာ ဆရာမများ၏ အရည်အသွေးပြည့်ဝနေရန် လိုအပ်ကြောင်း၊ ကျောင်းသား ကျောင်းသူများကလည်း ပညာကို လိုလားစွာသင်ယူကြရန်လိုကြောင်း၊ ဆရာ ဆရာမအပိုင်းနှင့် ကျောင်းသား ကျောင်းသူအပိုင်းက လိုအပ်သည်များကို ပြုပြင်ဆောင်ရွက်ပါမှ အရည်အသွေးမြင့်မားလာမည်ဖြစ်ကြောင်း၊ ထူးချွန်ထက်မြက်သော ဘွဲ့ရကျောင်းသား ကျောင်းသူများ ထွက်ပေါ်လာရေးအတွက် သင်ကြားနေသော ဆရာ ဆရာမများအားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် ပင်မစာသင်ဆောင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရှင်းလင်းခန်းမဆောင်၌ ပြသထားသည့် Internal Office Multiple Video Conference & Communication System တပ်ဆင်ပြသနေမှု၊ ရတနာပုံတက္ကသိုလ်ပုံစံငယ်၊ တက္ကသိုလ်၏ သုတေသနပြုဆောင်ရွက်ချက်များ၊ ပါရဂူဘွဲ့စာတမ်းများနှင့် သုတေသနစာတမ်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ တက္ကသိုလ်အတွင်းရှိ စာသင်ဆောင်များ၊ ယာဉ်ရပ်နားစခန်းနှင့် စားသောက်ဆိုင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

## ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ချမ်းမြသာစည်မြို့နယ်ရှိ မြန်မာ့ဘောလုံး အကယ်ဒမီ(မန္တလေး)သို့ ရောက်ရှိပြီး သင်တန်းသားများ လေ့ကျင့်သင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်၊ ရတနာပုံအက်ဖ်စီ ဘောလုံးအသင်း ဥက္ကဋ္ဌ ဒေါက်တာ စိုင်းဆမ်ထွန်းနှင့် မြန်မာ့ဘောလုံးအကယ်ဒမီ (မန္တလေး) နည်းပြချုပ် ဘရာဇီးနိုင်ငံသား Mr.Marcos တို့က သင်တန်းသားများအား လေ့ကျင့်သင်ကြားပေးနေမှုအခြေအနေကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတသည် သင်တန်းသားစားသောက်ဆောင်နှင့် လေ့ကျင့်ရေးခန်းမတို့ကို လှည့်လည်ကြည့်ရှုပြီး အသက်(၁၅)နှစ်အောက် သင်တန်းသားများအား တွေ့ဆုံအားပေးစကားပြောကြားသည်။

အဆိုပါ မြန်မာ့ဘောလုံးအကယ်ဒမီ (မန္တလေး)၌ အသက်(၁၁) နှစ်အောက်၊ အသက်(၁၃)နှစ်အောက်နှင့် အသက်(၁၅)နှစ်အောက် သင်တန်းသား စုစုပေါင်း ၁၀၈ ဦးရှိပြီး အခြေခံပညာကို အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)၌ သင်ကြားလျက်ရှိသည်။ ယင်းအကယ်ဒမီတွင် ဘောလုံးအားကစားနည်းကို နည်းပြချုပ်အပါအဝင် နည်းပြ ၁၃ ဦးဖြင့် စနစ်တကျ လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သိရှိရသည်။

## ကြိုဆို

ထို့နောက် ဒုတိယသမ္မတသည် အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး)သို့ ရောက်ရှိရာ အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

## ပါဝင်ယှဉ်ပြိုင်မှု

ယင်းနောက် အစည်းအဝေးခန်းမ၌ ညွှန်ကြားရေးမှူးချုပ်က အားကစားနှင့် ကာယပညာသိပ္ပံ၏ ဦးတည်ချက်များ၊ သင်တန်းသားများ တက်ရောက်သင်ကြားနေမှု၊ တည်နေရာနှင့်အကျယ်အဝန်း၊ အားကစားနှင့်ပညာရေးပေါင်းစပ်သင်တန်း၏ အရည်အချင်းသတ်မှတ်ချက်၊ ပြည်တွင်းပြည်ပ အားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်မှု၊ ဆုရရှိမှုအခြေအနေနှင့် သင်တန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

## ရည်ရွယ်ဆောင်ရွက်

ဆက်လက်၍ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်နေမှုများ၊ ပြိုင်ပွဲကျင်းပရေး အဆောက်အအုံများ၊ တည်ဆောက်ရမည့်အခြေအနေနှင့် ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်အားကစားသမားများ အောင်မြင်မှုရရှိရေးအတွက် ရည်ရွယ်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက တင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**(သတင်းစဉ်)**

**ကြည့်ရှု**

**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မန္တလေးမြို့ရှိ ရတနာပုံ တက္ကသိုလ် ရှင်းလင်းခန်းမဆောင်၌ ရတနာပုံတက္ကသိုလ် ပုံစံငယ်ကို ကြည့်ရှုစဉ်။** (သတင်းစဉ်)

**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မြန်မာ့ဘောလုံး အကယ်ဒမီ (မန္တလေး)၌ သင်တန်းသားများ လေ့ကျင့်သင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

## ရုပ်မြင်သံကြားအစီအစဉ်

- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၁၈)
- ၈:၄၅ Activities in the City (PPQ Bakery Ice-Cream ဆိုင်ဖွင့်ပွဲ)
- ၈:၅၅ တောင်စလင်းတိုက်သစ် ဗုဒ္ဓသာသနာ ပြန့်ပွားရေးအသင်း၏ ဒါနကုသိုလ်
- ၉:၁၀ ကောင်းခြင်းဝေဖြာ ဆံကေသာ…
- ၉:၂၅ ကျန်းမာပျော်ရွှင်ခြင်းအတွက် KENT အိမ်သုံးရေသန့်စက်
- ၉:၄၀ Cartoon Show Time (Battle For Terra)
- ၁၀:၂၀ Japan Video Topics
- (Walking on Wood)
- ၁၀:၂၅ ထန်းသမားတို့ဘဝ
- ၁၀:၄၅ Celebrity Style (မယ်လိုဒီ)
- ၁၁:၁၀ ခုနစ်နှစ်ပြည့် MRTV-4 ကုသိုလ်အလှူ (ခဝဲခြံမျက်မမြင်ကျောင်း)
- ၁၁:၃၅ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂:၀၅ သင်ကြားရေးလမ်းညွှန် (TECH Training Centre)
- ၁၂:၃၀ ခုနစ်နှစ်ပြည့် MRTV-4 ကုသိုလ်အလှူ (မေရီချက်(ပ်)မင်း နားမကြားသော ကလေးများကျောင်း)
- ၁:၀၀ **မီးလောင်ပြင်မှာ ပွင့်သောပန်း** တရားတော် (ညောင်ကန်ဆရာတော် အရှင်ဣန္ဒက)
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ ရန်ကုန်မြင်ကွင်းကျယ် ခုနစ်နှစ်ပြည့် MRTV-4 ကုသိုလ်အလှူ (မရမ်းချောင်း မေတ္တာပရဟိတ)
- ၂:၄၅ ကံဘုန်းပွင့်စေမည် ကျိုက်လတ်မြို့မှ ကံဘုန်းပွင့်စေတီ
- ၃:၀၀ အဆစ်ရောင်ခါးနာ (ပါမောက္ခ ဒေါက်တာချစ်စိုး)
- ၃:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၇၆)
- ၄:၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၁၈)
- ၅:၀၅ ဆယ်ကျော်သက်တို့ရဲ့ ရင်ခုန်သံမေးခွန်းများ(အပိုင်း-၂)
- ၅:၂၀ The Champion of Dance
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ နေပြည်တော်မြို့နယ် သပြုကျေးရွာမှ ကျောင်းဆောင်သစ်လွှဲအပ်ပွဲနှင့် ၂၀၁၀/၁၁ ပညာသင်နှစ် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ ဂုဏ်ပြုပွဲအခမ်းအနား
- ၆:၄၀ မဟာသံ့သာရ ရုပ်ရှင်တော်မြတ်ကြီး၏ ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာ
- ၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၇၇)
- ၇:၃၀ Celebrity Choice (ရန်ရန်ချမ်း)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ အနုပညာမိုးကောင်းကင်
- ၈:၅၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၁၉)
- ၁၀:၃၀ 14 th Fina World Championships Shanghai 2011
- ၁၁:၃၀ World of Knowledge (Japanese Cowboy)
- ၁၂:၂၀ **ဘတောဝါနောဘရိသတိ** ဖိုးကျော်၊ နေဆန်း၊ ထူးခန့်ကျော်၊ ထွန်းထွန်းဝင်း၊ စိုးမိုးကြည်၊ ဝင်းမင်းသန်း (ဒါရိုက်တာ-ကြည်စိုးထွန်း)
- ၁:၁၅ ထာဝရရှင်သန်တောက်ပဆဲ အနုပညာကြယ်ကြွေပွင့်များ (ဒါရိုက်တာ ကိုစန်းအောင်၏ဇနီး ဒေါ်အေးအေးချစ်စိုးနှင့် တွေ့ဆုံခြင်း)
- ၁:၄၅ ကလေးတေးသရုပ်ဖော်အစီအစဉ် (မေမေ၊ဖေဖေ)
- ၂:၀၀ Box Office Movies (Surro Gates)
- ၂:၂၅ မိသားစုများစိတ်ချမ်းမြေ့စေဖို့ **မိုးပုလဲ** မှာ ဝယ်ကြစို့
- ၂:၄၀ သီးနှံစိုက်ပျိုးအထွက်တိုး **စားသုံးဆီဖူလုံဖို့ နေကြာအထွက်တိုးအောင် စိုက်ကြစို့**
- ၂:၄၅ ရွှေမင်းသား ဖောင်ဒေးရှင်း (မြန်မာ)၏ မသန်စွမ်းသူများအတွက် Barrier Free
- ၃:၁၅ လူကုန်ကူးမှုတိုက်ဖျက်ဖို့ အားလုံးပါဝင်ဆောင်ရွက်စို့
- ၃:၂၀ ဒို့တိုင်းဌာနီ ဧရာဝတီ (ဥတိုပေါ်ဆန်းစပါး)
- ၃:၅၀ မေတ္တာသည်သာ တတ်စွမ်းနိုင်တာ
- ၄:၀၀ အဘိုးအဘွားများအေးချမ်းစွာ နားခိုရာ ချမ်းမြေ့သာယာ စံတော်သာ
- ၄:၃၀ ဖူးမြော်ကြည်ညိုဖွယ်ရာ စစ်ကိုင်းမြို့မှ တန်ခိုးကြီးစေတီများ
- ၄:၄၀ ကြည်နူးဖူးမဝသည့်… ထူးလှသည့်ခတ်တော်တိုက်ဆီ
- ၅:၀၀ အစီအစဉ်ပြီး၏။

**MRTV-4 အစီအစဉ်များကို**
**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင်**
**ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူ ကြည့်ရှုနိုင်ပါသည်။**
**တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင်**
**UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

မြန်မာ့အလင်း ပြည်တွင်း အားကစားသတင်း ပြည်တွင်း အားကစားသတင်း

# နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

နေပြည်တော် ဇူလိုင် ၂၅

၂၀၁၁ ခုနှစ် ပဉ္စမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် သတ်မှတ်နေရာအသီးသီး၌ ဆက်လက်ကျင်းပရာ အမှတ်(၁) နေပြည်တော်အားကစားကွင်း၌ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက အမှတ်(၁) စက်မှုဝန်ကြီးဌာနအသင်းကို ခြောက်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ အမှတ်(၂)နေပြည်တော် အားကစားကွင်း၌ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်းကို ရှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ နေပြည်တော်လယ်ဝေးအားကစားကွင်း၌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းက စွမ်းအင်ဝန်ကြီးဌာနအသင်းကို ငါးဂိုး-နှစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိသွားကြသည်။

ဇူလိုင် ၂၆ ရက် ပွဲစဉ်များအဖြစ် အမှတ်(၁) နေပြည်တော် အားကစားကွင်း၌ အမှတ်(၂) စက်မှုဝန်ကြီးဌာနအသင်းနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်း၊ အမှတ်(၂) နေပြည်တော်အားကစားကွင်း၌ ပညာရေးဝန်ကြီးဌာနအသင်းနှင့် သတ္တုတွင်းဝန်ကြီးဌာနအသင်း၊ နေပြည်တော်လယ်ဝေးအားကစားကွင်း၌ အလုပ်သမားဝန်ကြီးဌာနအသင်းနှင့် သာသနာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

၂၀၁၁ ခုနှစ် ပဉ္စမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များတွင် အမှတ်(၁) နေပြည်တော်အားကစားကွင်း၌ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းနှင့် အမှတ်(၁) စက်မှုဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။ (သတင်းစဉ်)

# မြန်မာ့လက်ရွေးစင်အားကစားသမားများ ပေါ်ထွန်းရန်ရည်ရွယ် တော်ဝင်မြေ ဖူဆယ်အားကစားအသင်း ဖွဲ့စည်း

သတင်းမှတ်စု ကိုလင်း

ရန်ကုန် ဇူလိုင် ၂၅

*မြန်မာ့လက်ရွေးစင် ဖူဆယ်အားကစားသမားများ ပေါ်ထွန်းရန်နှင့် မြန်မာချန်ပီယံရှစ် ကလပ်ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ပြီး နိုင်ငံ့ဂုဏ်ဆောင် အောင်ပွဲများ ရရှိနိုင်ရေးအတွက်ရည်ရွယ်ကာ တော်ဝင်မြေ ဖူဆယ် အားကစားအသင်း (Royal Land Futsal Club) (ယာပုံ) ကို ဖွဲ့စည်းခဲ့ကြောင်း သိရှိရသည်။*

ဖွဲ့စည်းခဲ့

*အဆိုပါအသင်းကို Royal Western Stearm Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာဦးကျော်နိုင်က ဦးဆောင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး အသင်းတွင် မြန်မာ့လက်ရွေးစင် ဖူဆယ်အားကစားသမားများကို အခြေခံလျက် မျိုးဆက်သစ်အားကစားသမားများဖြင့် ဖွဲ့စည်းခဲ့ကြောင်းနှင့် ကလပ်အသင်းအနေဖြင့် အားကစားသမားများကို ခေါ်ယူရာ၌ နိုင်ငံတကာ ကလပ်အသင်းများ၏ စံချိန်စံညွှန်းများနှင့်အညီ စာချုပ်ချုပ်ဆို ခေါ်ယူခဲ့ကြောင်းသိရသည်။*

ရပ်တည်လျက်ရှိ

*အဆိုပါတော်ဝင်မြေ ဖူဆယ်ကလပ်အသင်းတွင် မြန်မာ့လက်ရွေးစင် အားကစားသမားများဖြစ်ကြသော ရဲနောင်၊ သန်းထူးဇော်၊ သန့်ဇင်ဦး(ဂိုး)၊ ကျော်ကျော်စိုး၊ ဇော်မိုးနိုင်တို့ပါဝင်ကြပြီး အသင်း၏ CEO မှာ ဦးကျော်ဆွေနှင့် အသင်းနည်းပြချုပ်မှာ ဦးအောင်ထွေးတို့ဖြစ်ကြောင်း သိရသည်။ ယခုအခါ ဖူဆယ်ပြိုင်ပွဲ ပထမအကျော့တွင် ငါးပွဲနိုင်၊ တစ်ပွဲသရေဖြင့် ၁၆ မှတ်ရရှိထားပြီး အဆင့် (၂) နေရာတွင် ရပ်တည်လျက်ရှိကြောင်း သိရှိရသည်။*

(မြန်မာ့အလင်း)

# (၂၆)ကြိမ်မြောက် ဆီးဂိမ်းတွင် အောင်ပွဲများရရှိရန် ပြေးခုန်ပစ်အားကစားမောင်မယ်များ စခန်းဝင်လေ့ကျင့်

သတင်းမှတ်စုနှင့်ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဇူလိုင် ၂၅

ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏအားကစားပြိုင်ဝင်းသို့ စာရေးသူ ရောက်ရှိခဲ့သည့်အချိန်က နံနက်စောစောပင်။ ထွဲ လို့လ၊ ဝီရိယဖြင့် အားသွန်ခွန်စိုက် လေ့ကျင့်နေကြသော ပြေးခုန်ပစ် အားကစားသမားများကို တွေ့ရသည်။

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် မြန်မာနိုင်ငံ ပြေးခုန်ပစ်အားကစားသမားများကို နည်းပြများက နည်းစနစ်ကျကျ

လှံတံပစ်လေ့ကျင့်စဉ်။

သင်ကြားပေးနေရာ တာဝေး၊ တာလတ်၊ လှံတံပစ်၊ တုတ်ထောက်၊ တာတို၊ တန်းကျော်အားကစားတို့ လေ့ကျင့်နေသည်ကို တွေ့ရသည်။

တွေ့ဆုံမေးမြန်း

ရှေးဦးစွာ မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်မှ တွဲဖက်အတွင်းရေးမှူး ဦးထွန်းမြင့်အား စခန်းသွင်းလေ့ကျင့်နေမှုနှင့် ပတ်သက်၍ တွေ့ဆုံမေးမြန်းရာ "၂၀၁၀ မတ်လ ဆန်းပိုင်းက စတင်ပြီး အမျိုးသား ၂၇ ဦး၊ အမျိုးသမီး ၂၀ နဲ့ စခန်းသွင်း လေ့ကျင့်နေတာဖြစ်ပါတယ်။ အမျိုးသမီး မီတာ ၂၀၀၊ ၄၀၀၊ ၈၀၀၊ ၁၅၀၀၊ ၅၀၀၀၊ ၁၀၀၀၀၊ မာရသွန်၊ ၂၀ ကီလိုမီတာ လမ်းလျှောက်နဲ့ မီတာ (၄×၄၀၀) လက်ဆင့်ကမ်း၊ အမျိုးသား တုတ်ထောက် ခုန်၊ မီတာ ၁၀၀၊ ၈၀၀၊ ၁၅၀၀၊ ၃၀၀၀၊ တားဆီးကျော်မီတာ ၅၀၀၀၊ ၁၀၀၀၀၊ တာဝေး၊ မာရသွန်နဲ့ မီတာ(၄×၄၀၀) လက်ဆင့်ကမ်းလေ့ကျင့်မှုတွေ ပြုလုပ်နေတာဖြစ်ပါတယ်။ ဩဂုတ်လမှာလည်း လူရွေးပွဲတွေ ပြုလုပ်သွားမှာဖြစ်ပါတယ်" ဟု ရှင်းပြသည်။

လေ့ကျင့်

ဆက်လက်၍ လေ့ကျင့်ချိန်နှင့် ပတ်သက်၍ မေးမြန်းရာ "ကျွန်တော်တို့ လေ့ကျင့်ချိန် နှစ်ချိန်ရှိပါတယ်။ နံနက် ၆ နာရီကနေ ၈ နာရီခွဲ၊ မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီအထိ လေ့ကျင့်ပါတယ်။ တနင်္လာ၊ ဗုဒ္ဓဟူး၊ စနေမှာ သုဝဏ္ဏအားကစားပြိုင်ဝင်းမှာ လေ့ကျင့်ပြီး ကျန်တဲ့လေးရက်မှာ အောင်ဆန်းကွင်းမှာ လေ့ကျင့်ပါတယ်"ဟု ဆက်လက်ရှင်းပြသည်။

ရှင်းပြ

ထို့နောက် နည်းပြပိုင်းနှင့်ပတ်သက်၍ "ကျွန်တော်တို့မှာ တာဝေးနည်းပြ ဂျပန်က တစ်ဦး၊ မြန်မာနည်းပြက ငါးဦး၊ တာလတ် နှစ်ဦး၊ လှံတံပစ် တစ်ဦး၊ တုတ်ထောက် တစ်ဦး၊ တာတို တစ်ဦး၊ တန်းကျော် တစ်ဦး၊ လမ်းလျှောက် တစ်ဦးနဲ့ နည်းပြချုပ် တစ်ဦး ရှိပါတယ်"ဟု ၎င်းက ထပ်မံ ရှင်းပြသည်။

မြန်မာပြေးခုန်ပစ် အားကစားသမားများအနေဖြင့် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌

အမြင့်ခုန် လေ့ကျင့်စဉ်။

အားထားရမည့်ပြိုင်ပွဲများမှာ မီတာ ၄၀၀၊ မာရသွန်၊ အမျိုးသမီး ၂၀ ကီလိုမီတာ လမ်းလျှောက်၊မီတာ ၄×၄၀၀ လက်ဆင့်ကမ်းပွဲစဉ်များ ဖြစ်ကြသည်။ ယင်းပွဲများ၌ ရွှေတံဆိပ်ဆွတ်ခူးနိုင်မည်ဟု မျှော်မှန်းထားသည်။

မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့်အခါ ပြေးခုန်ပစ် အားကစားသမားများက ရွှေတံဆိပ်များ ဆွတ်ခူးနိုင်ရန် ကြိုးစားနေကြခြင်းဖြစ်ပါကြောင်း။ ။ **(မြန်မာ့အလင်း)**

# ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်

ဝါးခယ်မမြို့နယ် ကမ်းနားလမ်းရှိ ဆိပ်ကမ်းသာပန်းခြံတွင် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ မြေယာရှုခင်းအလှပြုလုပ်ခြင်းကို ဇူလိုင် ၁၈ ရက်က အမှုဆောင်အရာရှိဦးကျော်နိုင် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဟိုပုံး-ဆီဆိုင်လမ်းဘေးတစ်လျှောက် ရေမြောင်းများ ပိတ်ဆို့မှုမရှိစေရန် အဖွဲ့ဝန်ထမ်းများ ရေမြောင်းရှင်းလင်းနေမှုကို ဇူလိုင် ၅ ရက်က အမှုဆောင်အရာရှိ ဦးစိုင်းအောင်လင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုးလွင်မြင့်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြိုင်မြို့နယ် မြို့မဈေးအတွင်း မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ဈေးသန့်ရှင်းရေးဆောင်ရွက်ထားရှိမှုကို ဇွန် ၂၄ ရက်က မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမြင့်ဟန် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မိုးကောင်းမြို့ အောင်ဆန်းလမ်းတစ်လျှောက် ရေစီးရေလာကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းတူးဖော်ရှင်းလင်းခြင်းကို ဇူလိုင် ၆ ရက်က အငယ်တန်းအင်ဂျင်နီယာ-၂(မြို့ပြ) ဦးယဉ်မင်းကျော်နှင့်အဖွဲ့ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးဝင်းနိုင် ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

အိမ်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့တွင်းရေစီးရေလာကောင်းမွန်ရေးအတွက် ဇူလိုင် ၆ ရက်က အနော်ရထာလမ်းတစ်လျှောက် ရေနုတ်မြောင်းတူးဖော်ရှင်းလင်းခြင်းကို အမှုဆောင်အရာရှိဦးကျော်စိုး ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

# မျိုးသန့်စပါးထုတ်လုပ်ရေး ဝမ်းတွင်း၌ ဆွေးနွေး

ဝမ်းတွင်း ဇူလိုင် ၂၅

မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် စမုံစိုက်ကွင်း၌ မျိုးသန့်စပါးထုတ်လုပ်ရေး လက်တွေ့ရှင်းလင်းပွဲကို ဇွန် ၇ ရက် နံနက် ၉နာရီက စမုံစိုက်ကွင်းရှင်းလင်းဆောင်၌ကျင်းပရာ ရှေးဦးစွာ စမုံစိုက်ကွင်းတာဝန်ခံ ဦးရွှေဘက စိုက်ပျိုးထုတ်လုပ်ရေး ထွက်ကုန်များ တိုးတက်မြင့်မားရေးအတွက် အခြေခံလိုအပ်ချက်(၅)ရပ်နှင့် သိပ္ပံနည်းကျစိုက်နည်းစနစ် ၁၄ ချက်ကို ရှင်းလင်းဆွေးနွေးပြီး မျိုးသန့်ထုတ်လုပ်ရေးတာဝန်ခံ ဦးကျော်မျိုးအောင်က မျိုးသန့်စပါးထုတ်လုပ်ရေးအကြောင်းနှင့် မျိုးယှဉ်ပြိုင် စမ်းသပ်ကွက် စိုက်ပျိုးထားမှုနှင့်ပတ်သက်၍ ဆွေးနွေးသည်။

ရှင်းလင်းဆွေးနွေး

ထို့နောက် တက်ရောက်လာကြသူများက မျိုးယှဉ်ပြိုင်စမ်းသပ်ကွက် ဝ ဒသမ ၀၅ ဧကတွင် စိုက်ပျိုးထားသော ဆင်းသွယ်လတ်၊ ရွှေမနော်၊ ရွှေမြန်မာ၊ ရေနံ့သာဝင်းနှင့် ရွှေသွယ်ရင်စိုက်ဧက ၁၀ ဧကတို့ကို ကြည့်ရှုလေ့လာ၍(**အပေါ်ပုံ**) တောင်သူများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## ကွင်းဆင်း စစ်ဆေး

ထားဝယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနတို့မှ တာဝန်ရှိသူများ ဇူလိုင် ၆ ရက်က ထားဝယ်မြို့နယ် စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ ဝက်မွေးမြူရေးခြံများတွင် ဝက်နားရွက်ပြာရောဂါ ရှိ မရှိ ကွင်းဆင်းစစ်ဆေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

## ပေးအပ်ချီးမြှင့်

ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ် ဗိုလ်ထွန်းဇံရပ်ကွက် ရောင်းဝယ်ရေး သမဝါယမအသင်း လီမိတက်၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇွန် ၂၆ ရက်က အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်း၌ကျင်းပရာ ပညာရည်ချွန်ဆုရ အသင်းသား တစ်ဦး၏သမီး မသွန်းနန္ဒာအား ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ညွန့်က ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။ (၀၅၁)

## မြန်မာ့အလင်း မှုခင်းသတင်း

### နှစ်လုံးထီဒိုင်အား ဖမ်းဆီးအရေးယူ

နေပြည်တော် ဇူလိုင် ၂၅

*နှစ်လုံးထီကစားသူများနှင့် နှစ်လုံးထီဒိုင်များအား သက်ဆိုင်ရာက အရေးယူလျက်ရှိရာ ပျဉ်းမနားမြို့ ဥယျာဉ်စုအုပ်စု အိုးဘိုတိုက်ရပ် ဗိုလ်အောင်ကျော်လမ်း အိမ်အမှတ် ၃/၇၄တွင် နေထိုင်သူ ဦးသန်းဦးအား နှစ်လုံးထီဒိုင်အဖြစ် အသုံးပြုနေသော Lucky တံဆိပ်ပါ ဗလာစာအုပ်တစ်အုပ်၊ နှစ်လုံးဂဏန်းနှင့် ငွေတန်ဖိုးများရေးထားသော ဗလာစာအုပ်တစ်အုပ်၊ ဆက်စပ်ပစ္စည်းနှင့် ငွေကျပ် ၂၁၈၀၀ ကို ဇူလိုင် ၁၃ ရက် နံနက်က နယ်ထိန်းတပ်ကြပ်တင်ဦး၊ ဒုတိယတပ်ကြပ်မောင်လတ်၊ ရွာကောက်ရပ်ကွက် ရာအိမ်မှူး ဦးတင်ဝင်းတို့က ရှာဖွေတွေ့ရှိသဖြင့် သက်သေများရှေ့တွင် ရှာဖွေပုံစံဖြင့် သိမ်းဆည်းလိုက်သည်။*

အရေးယူထား

*ပျဉ်းမနားရဲတပ်ဖွဲ့စခန်းက ဦးသန်းဦးအား အရေးယူထားကြောင်း သိရှိရသည်။* (၁၃၉)

### ဆိုင်ကယ်ကို ကျော်တက်စဉ် နောက်ဘီးဖြင့်ကြိတ်မိ ဆိုင်ကယ်စီးသူအမျိုးသမီး နေရာတွင်သေဆုံး

**နောင်ချို ဇူလိုင် ၂၅**

*ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့ မြို့နယ်ခန်းမရှေ့၌ ဇူလိုင် ၁၂ ရက် နံနက် ၇ နာရီခန့်က ပြင်ဦးလွင်ဘက်မှ နောင်ချိုမြို့ဘက်သို့ မန္တလေး-လားရှိုး ပြည်ထောင်စုကားလမ်းမအတိုင်း ယာဉ်မောင်း တင်ကျော် မောင်းနှင်လာသည့် ၇ခ/-----ကန်တာ အဖြူရောင်ခြောက်ဘီးယာဉ်သည် ၎င်းယာဉ်ရှေ့တွင် မဝါဝါလင်း စီးနင်းမောင်းနှင်လာသော ဆိုင်ကယ် အမ်ဘို(၁၁၀) အစိမ်းရောင်အား ကျော်တက်စဉ် ယာဉ်နောက်ဘီးဖြင့် ချိတ်မိကာ ကြိတ်မိသဖြင့် ဆိုင်ကယ်စီးနင်းသူ မဝါဝါလင်း(ဘ) ဦးထွန်းရွှေ အကွက်(၃) နယ်မြေ (၁၂) ဘူတာရပ်ကွက် နောင်ချိုမြို့ နေထိုင်သူမှာ အဆိုပါနေရာတွင် ဒဏ်ရာပြင်းထန်စွာ ရရှိပြီး သေဆုံးသွားခဲ့သည်။*

**အရေးယူထား**

*ယာဉ်ကို မဆင်မခြင် မောင်းနှင်သူ တင်ကျော်(ဘ)ဦးပြုံး အသက် (၄၀) အုန်းချောကျေးရွာ ပုသိမ်ကြီးမြို့နယ် မန္တလေးတိုင်းဒေသကြီးနေသူအား နောင်ချိုမြို့ ရဲစခန်းမှ အမှုဖွင့် အရေးယူထားကြောင်း သိရှိရသည်။* **(၀၆၁)**

# လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးပညာပေး ဖြူးမြို့နယ်၌ မြေစိုက်ပိုစတာ စိုက်ထူ

ဖြူး ဇူလိုင် ၂၅

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်အတွင်းရှိ ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် အသိပညာပေး မြေစိုက် ပိုစတာစိုက်ထူခြင်းနှင့် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ဇူလိုင် ၂၄ ရက် နံနက် ၉ နာရီက ဖြူးမြို့ ဈေးရပ်ကွက် ပဲခူးလမ်းခုံးကျော်၊ ၁၁/၀ ဒသမ ၄ ကေဗွီ (၅၀၀) ကေဗွီအေ ထရန်စဖော်မာ ဓာတ်အားခွဲရုံရှေ့၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးထွန်းထွန်းဦးနှင့်ဝန်ထမ်းများက မြေစိုက် ပိုစတာစိုက်ထူခြင်းကို ဆောင်ရွက်ခဲ့ကြပြီး လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး လက်ကမ်းစာစောင်များကို မြို့ပေါ်ရပ်ကွက်များ၊ လူစည်ကားရာ ဈေးနှင့်လမ်းဆုံများ၌ လိုက်လံဝေငှပေးခဲ့ကြောင်း သိရှိရသည်။

ဆက်လက်၍ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ပညာပေးဟောပြောပွဲများကိုလည်း မြို့ပေါ် ရပ်ကွက်များတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(၁၁၃)**

## ပညာပေး ဟောပြော

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ပညာပေးဟောပြောပွဲကို ဇွန် ၁၇ ရက်က ဘားအံမြို့ အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပရာ ယာဉ်ထိန်းရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး စိန်ဝင်း ဟောပြောစဉ်။ (၁၀၃)

# အမြို့မြို့အနယ်နယ်၌ စာကြည့်တိုက်များဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

နေပြည်တော် ဇူလိုင် ၂၅

## မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းနိုင်

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာ ဗဟုသုတမြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိရာစေတနာရှင် အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

## ယဉ်နံ့သာစာကြည့်တိုက် အဆောက်အအုံသစ် မြိုင်မြို့နယ်၌ဖွင့်

*မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် မြို့သာအုပ်စု ကွဲပုတ်ကျေးရွာရှိ ယဉ်နံ့သာစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဇူလိုင် ၁၀ ရက် နံနက် ၈ နာရီခွဲက စာကြည့်တိုက်ရှေ့၌ ကျင်းပရာ အလှူရှင် ရန်ကုန်မြို့ ၂၁/၂ လမ်း (၁၄/၁) ရပ်ကွက် တောင်ဥက္ကလာပနေ ဦးအောင်ငြိမ်း - ဒေါ်ငွေးယဉ်တို့ကိုယ်စား ညီမဖြစ်သူ ဒေါ်ငွေးကြည်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးနွဲ့နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းရွှေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး ကြသည်။* **(အောက်ပုံ)**

**ရှင်းလင်းပြောကြား**

*ထို့နောက် ဟောပြောပွဲကို ဆက်လက်ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် စာပေဖတ်ရခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး ဆက်လက်၍အဆောက်အအုံသစ်ဆောက်လုပ်ထားမှု မှတ်တမ်းများ၊ ပရိဘောဂများ၊ ဝတ္ထု ၂၄၂ အုပ်၊ သုတရသ အုပ်ရေ ၁၆၀၊ မဂ္ဂဇင်းအုပ်ရေ ၆၅၀၊ အခြားစာစောင် ၅၀၀နှင့် အလှူငွေကျပ် ၄၆၁၀၀၀ တို့ကို အလှူရှင်များက လှူဒါန်းကြရာ စာကြည့်တိုက်ဥက္ကဋ္ဌ ဦးငွေးမြင့်က လက်ခံယူသည်။*

*အဆောက်အအုံသစ်မှာ အလျား ၂၄ ပေ၊ အနံ ၁၄ ပေ၊ အမြင့် ၁၂ ပေရှိပြီး သွပ်မိုး၊ အုတ်ကာ၊ အုတ်ခင်း ဖြစ်ကြောင်း သိရှိရသည်။* **(၁၃၅)**

## စာအုပ်စာစောင်နှင့် ငွေပဒေသာပင်လှူဒါန်းပွဲ ကျိုက်ထိုမြို့နယ်တွင် ကျင်းပ

***ကျိုက်ထိုမြို့နယ် ကျိုက်ပိကျေးရွာ ဖူးပွင့်စာကြည့်တိုက်အတွက် စာအုပ်စာစောင်နှင့် ငွေပဒေသာပင်လှူဒါန်းပွဲကို ဇူလိုင် ၉ ရက် နံနက် ၉ နာရီက ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်အောင်ဝင်းက အမှာစကားပြောကြားပြီး သထုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စောလင်းက စာကြည့်တိုက် ရှင်သန်ဖွံ့ဖြိုးရေးအကြောင်းကို ရှင်းလင်းပြောကြားသည်။***

*ပေးအပ်လှူဒါန်း*

***ဆက်လက်၍ အလှူရှင်များက စာအုပ်စာစောင် ၂၁၀ နှင့် အလှူငွေ ကျပ်ငါးသိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံယူကြပြီး စာကြည့်တိုက်ကော်မတီဝင် ဦးတင်စိုးက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရှိရသည်။*** *(မြို့နယ် ပြန်/ဆက်)*

ဒါန ဘုရားဖူးအဖွဲ့ ၏ အိန္ဒိယ - နီပေါ ဘုရားဖူးခရီးစဉ်
900 USD

နီလာ

အိန္ဒိယဘုရားဖူး ဗုဒ္ဓဟူး နှင့် စနေနေ့တိုင်း အပတ်စဉ် တိုက်ရိုက်ပျံသန်းမည်
2011- Oct - 5.8.12.15.19.22.26.29
Nov - 2.5.9.12.16.19.23.26.30
Dec - 3.7.10.14.17.21.24.28.31

သုရဥ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ လူနေရပ်ကွက်အမှတ်(ကံဘဲ့)၊ မြေကွက်အမှတ်( ၁၃၄/က၁ ) မြေအကျယ်(ဝဒသမ၂၄၃၈ကေ)နှစ် ၆၀ မြေငှားဂရန်မြေမျိုးမြေကွက်၊ မြေအမည်ပေါက် (၁) ဦးစိုးအောင် ၁၂/စခန(နိုင်)ဝ၄၃၄၈၆၊ (၂) ဦးမောင်မောင်လတ် ၁/မကတ(နိုင်) ဝဝ၁ဝ၂ဝ ဟုမှတ်သားထားသည့် မြေကွက်ကို အမည်ပေါက်သူ (၂)ဦးထံမှ G.P မှတ်ပုံတင်အမှတ် ၅၁၉၃/၂ဝ၁၁၊ ၆၄၆ဝ/၂ဝဝ၉ဖြင့် ရရှိထားသူ ဦးမင်းအောင် ၁၄/ဖပန(နိုင်)ဝဝ၈၈၂၃ ကရောင်းချပိုင်ခွင့်ရှိကြောင်း စကားကမ်းလှမ်းပြောဆိုသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးမှ အရစ်ကျငွေချေစနစ်ဖြင့် ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ဤမြေကွက် အရောင်းအဝယ်ကိစ္စရပ်အပေါ် အကျိုးသက်ဆိုင်ခွင့်ရှိ၍ ကန့်ကွက်လိုသူများရှိပါက စာရွက်စာတမ်း အထောက်အထား ခိုင်လုံစွာဖြင့် (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူ မရှိခဲ့လျှင် ဥပဒေနှင့်အညီ မြေကွက်အရောင်းအဝယ်ကိစ္စပြီးမြောက်စေရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဦးလှမြင့်(ဒဂုံ)စဉ်-၉၀၁၂ ဦးတင်အောင်ကြည်(တောင်သုံးလုံး)စဉ်-၃၀၇၂
H.G.P, WIPO (SWITZERLAND) (LL.B)

အထက်တန်းရှေ့နေများ ဖုန်း-၅၃၄၃၆၉၊ ဝ၉-၅ဝ၃၁၈၁ဝ
အခန်းအမှတ်- ၂ဝ၂/D (သုံးလွှာ)၊ တိုက် ၉/၁၁၊ ၃၆လမ်း(လမ်းတို)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## မိဘအမည်မှန်

ပြင်ဦးလွင်မြို့၊ ၂ဝ၁ဝ-၂ဝ၁၁ တက္ကသိုလ်ဝင်စာမေးပွဲကို ခုံအမှတ် မမ-၈၁၁ဖြင့် ဖြေဆိုအောင်မြင်ခဲ့သည့် မောင်နော်ဆိုင်း၏ မိဘအမည်မှန်မှာ ဦးဒရိန်လတောင်နှင့် ဒေါ်ဂျာအောင် ဖြစ်ပါသည်။

## စာအုပ်စာပေ လှူမိတ်ဆွေ

ဝိဇ္ဇာရသခင်ချစ်မောင်
ကျွန်ဘဝမဟာပြည်

## အိမ်ရောင်းမည်

၁။ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၄၆ ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်းမပေါ် ပေ(၄ဝ×၆ဝ) ဂရန်ပါ ရေမီးအစုံတစ်ထပ်တိုက်။
၂။ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ ၃ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်းမပေါ် တစ်ထပ်ခွဲတိုက် ရေမီးအစုံ ဂရန်ပါ။ (ဈေး၊ ကျောင်း၊ ကားဂိတ်အနီး)။
၃။ MITSUBISHI 4-WD JEEP (ကားသန့်)။

ဖုန်း-ဝ၉-၈၆-၂၇၈ဝ၄၊
ဝ၉-၄၉-၂၇၇၄၈၉။

EXIV (91)
MARK II (94)

## သက်ကြီးဆရာဝန်များ ထောက်ကူအဖွဲ့ နှစ်ပတ်လည်အစည်းအဝေး ရက်ပြောင်းရွှေ့

ရန်ကုန် ဇူလိုင် ၂၅

မြန်မာနိုင်ငံဆရာဝန်အသင်း သက်ကြီးဆရာဝန်များထောက်ကူအဖွဲ့၏ (၁၁)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ဇူလိုင် ၃ဝ ရက်(စနေနေ့)အစား ဩဂုတ် ၇ ရက် (တနင်္ဂနွေနေ့)သို့ ပြောင်းရွှေ့ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ **(ဆရာဝန်အသင်း)**

## မြစ်ရေကြီးမှုအခြေအနေ

နေပြည်တော် ဇူလိုင် ၂၅

**ချင်းတွင်းမြစ်**ရေသည် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ မုံရွာမြို့၌ ၁ဝ၃၉စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၃၉ စင်တီမီတာ (၁ ဒသမ ၃ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၇၂ နာရီအတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ် ၁ဝဝဝ စင်တီမီတာအောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

**သံလွင်မြစ်**ရေသည် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဘားအံမြို့တွင် ၈၃၅ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၈၅ စင်တီမီတာ (၃ ပေခန့်) ကျော်လွန်နေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ် ၇၅ဝ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

**စစ်တောင်းမြစ်**ရေသည် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ မဒေါက်မြို့တွင် ၁၁ဝ၄ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၃၄ စင်တီမီတာ (၁ ဒသမ ၁ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ် ၁ဝ၇ဝစင်တီမီတာ အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

**ငဝန်မြစ်**ရေသည် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ငါးသိုင်းချောင်းမြို့တွင် ၁၁၆၁စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၃၁စင်တီမီတာ (၁ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ် ၁၁၃ဝစင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည်။ **(မိုး/ဇလ)**

## သဃ်န်းကျွန်း စံပြဆေးရုံသို့ ဆေးပစ္စည်းများ လှူဒါန်း

ရန်ကုန် ဇူလိုင် ၂၅

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်ရှိ စံပြဆေးရုံကြီးသို့ ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် ဗိုလ်ဆွန်ပက်လမ်း အမှတ် ၁၆၁ ပထမထပ်ရှိ ကျိုလီယာမွတ်စလင်မ် သာသနာ့ရန်ပုံငွေအဖွဲ့က ငွေကျပ် ၆၉ဝဝဝဝ တန်ဖိုးရှိ သွေးကြောသွင်းဆေးရည်ပုလင်း ၁၅ဝဝ ပေးအပ်လှူဒါန်းပွဲကို ဇူလိုင် ၁၆ ရက် နံနက် ၁၁ နာရီကကျင်းပရာ ဆေးရည်ပုလင်းများကို သာသနာ့ရန်ပုံငွေအဖွဲ့ဥက္ကဋ္ဌ ဦးမောင်ထွန်း၊ အတွင်းရေးမှူး ဦးမောင်ချစ်၊ ဘဏ္ဍာရေးမှူး ဦးလှရွှေ၊ စာရင်းစစ် ဦးဟန်တင်တို့က လှူဒါန်းကြပြီး ဆေးရုံအုပ်ကြီး ဒေါက်တာတင်နွယ်ကြည် **(အောက်ဝဲပုံ)**က လက်ခံယူခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

## KNU အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသော မိုင်းတစ်လုံး နင်းမိပေါက်ကွဲ၍ အပြစ်မဲ့ပြည်သူတစ်ဦး ဒဏ်ရာရရှိ

နေပြည်တော် ဇူလိုင် ၂၅

ကရင်ပြည်နယ် ဝေါလေမြို့နယ်ခွဲ အမှတ်(၄)ရပ်ကွက်နေ ကရင်လူမျိုး ဦးတင်လှိုင် (၃ဝ)နှစ်သည် ဇူလိုင် ၂၄ရက် နံနက် ၁ဝ နာရီခန့်တွင် မြို့၏တောင်ဘက် နှစ်မိုင်ခန့်အကွာရှိ အင်တောတစ်ဝိုက်တွင် KNU အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသော မိုင်းတစ်လုံးနင်းမိပေါက်ကွဲပြီး ဘယ်ခြေချင်းဝတ်မှပြတ် ဒဏ်ရာရရှိခဲ့သဖြင့် တာဝန်ရှိသူများက ဝေါလေမြို့နယ်ခွဲဆေးရုံသို့ ပို့ဆောင်ဆေးဝါးကုသလျက် လိုအပ်သည်များ ကူညီစောင့်ရှောက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အသိပညာပေးဟောပြော

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့ မှူးရုံး အမှတ်(၃) ယာဉ်ထိန်းနယ်မြေမှ ဒုတိယရဲမှူး မြင့်အောင် ဇူလိုင် ၂၂ ရက်က ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းရှိ ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဆိုင်ရာများ အသိပညာပေး ဟောပြောစဉ်။ (ယာဉ်ထိန်း)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

## ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မန္တလေးမြို့ရှိ ရတနာပုံတက္ကသိုလ်၊ မြန်မာ့ဘောလုံးအကယ်ဒမီ(မန္တလေး)နှင့် အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)တို့ကို ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၅

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ယမန်နေ့ညနေပိုင်းတွင် မန္တလေးမြို့ရှိ ရတနာပုံတက္ကသိုလ်၊ မြန်မာ့ဘောလုံးအကယ်ဒမီ(မန္တလေး)နှင့် အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။**

ရှေးဦးစွာ ဒုတိယသမ္မတသည် ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ညနေ ၃ နာရီခွဲတွင် ရတနာပုံတက္ကသိုလ်သို့ ရောက်ရှိရာ တာဝန်ခံပါမောက္ခချုပ် ဒေါက်တာခင်မောင်ဦးနှင့် ပါမောက္ခများ၊ ဆရာ ဆရာမများက ကြိုဆိုကြသည်။

ထို့နောက် ပင်မစာသင်ဆောင် အစည်းအဝေးခန်းမ၌ တာဝန်ခံ ပါမောက္ခချုပ်က တက္ကသိုလ်သမိုင်း၊ သင်ကြားပေးလျက်ရှိသည့် အထူးပြုဘာသာရပ်များ၊ တက်ရောက်ပညာသင်ကြားလျက်ရှိသော ကျောင်းသား ဦးရေ၊ ဆရာ ဆရာမများနှင့် ဝန်ထမ်းအင်အား၊ ကျောင်းအဆောက်အအုံများနှင့် တည်ဆောက်ဆဲ အဆောက်အအုံများအခြေအနေ၊ ပါရဂူဘွဲ့ရရှိပြီးသူ ဆရာ ဆရာမများအရေအတွက်၊ *စာမျက်နှာ ၉ ကော်လံ ၂* ❐

**အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ ရန်ကုန်မြို့ စိမ်းလဲ့ကန်သာ အစိုးရဧည့်ဂေဟာ၌ တွေ့ဆုံဆွေးနွေးကြစဉ်။** (သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်နှင့် ဒေါ်အောင်ဆန်းစုကြည် တွေ့ဆုံ

## နှစ်ဦးသဘောတူ သတင်းထုတ်ပြန်ချက် ထုတ်ပြန်

**နေပြည်တော် ဇူလိုင် ၂၅**

အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်သည် ယနေ့ မွန်းလွဲ ၁ နာရီမှ ၂ နာရီ ၁၀ မိနစ်အထိ ရန်ကုန်မြို့ စိမ်းလဲ့ကန်သာ အစိုးရဧည့်ဂေဟာ၌ ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံဆွေးနွေးသည်။

ယင်းသို့တွေ့ဆုံအပြီးတွင် ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က ပြည်တွင်း/ပြည်ပ သတင်းထောက်များအား ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

ယနေ့ဆွေးနွေးမှုတွင် နှစ်ဦးသဘောတူ သတင်းထုတ်ပြန်ချက်ကို ထုတ်ပြန်ခဲ့ရာ သတင်းထုတ်ပြန်ချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -

### သတင်းထုတ်ပြန်ချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရအဖွဲ့၏ ဖိတ်ကြားချက်အရ ဒေါ်အောင်ဆန်းစုကြည်သည် စိမ်းလဲ့ကန်သာ အစိုးရဧည့်ဂေဟာတွင် ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်အား ၂၀၁၁ ခုနှစ် ဇူလိုင်လ ၂၅ ရက် မွန်းလွဲ ၁ နာရီမှ ၂ နာရီ ၁၀ မိနစ်အထိ လာရောက်တွေ့ဆုံခဲ့ပါသည်။

*စာမျက်နှာ ၅ ကော်လံ ၄* ◆